


# အမြင်မှန်ရပါစေ

၅၆

(၃၁၊၇၊၆၂)

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၄၂)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးရွာတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့တွင် ဟောကြားတော်မူသောတရားတော်

# အ မြင် မှန် ရ ပါ စေ

(၃၀-၇-၆၂)

အားလုံးတရားနာလာကြတဲ့ ဒကာဒကာမတွေ ကိုယ့်အရေး အတွက်လာတယ်လို့ ဆုံးဖြတ်ချက်ချကြပါ (မှန်ပါ)။

ဘယ်သူ့အရေးမှ မဟုတ်ဘူး ကိုယ့်အရေးအတွက် လာကြ တယ်လို့ ဆုံးဖြတ်ချက်ချဟ (မှန်ပါ) အိုက်လိုက်တာ၊ ပူလိုက်တာ၊ လူတွေကလဲ များလိုက်တာ ကြပ်လိုက်တာ၊ ခက်လိုက်တာလို့ ညည်းမနေနဲ့။ ကိုယ့်အရေးက ဒီ့ထက်ခက်လို့ ငရဲကျသွားမယ်ဆို လို့ရှိရင်ဖြင့် ဒီ့ထက်ခက်မှာစိုးလို့ ဒီအခက်ကလေးကိုဖြင့် သည်းခံ ပြီးသကာလ နာကြရမှာဘဲ . . . (မှန်ပါ)။

၂

## သတိထားပြီးပညာနှင့်နေရစ်ကြပါ

အဲဒါကြောင့် ဒကာဒကာမတွေမှာ ခက်နေတာက ဘာဖြစ်လို့ ခက်သတုန်းလို့ မေးဖို့ရာ အကြောင်းရှိလာတော့

**“သတော ဘိက္ခဝေ ဘိက္ခုဝိဟရေယျ သမ္ပဇာနကာရော အယံဝေါအမှာကံ အနုသာသနီ”** လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် အကြိမ်ပေါင်းများစွာ မှာပါတယ် (မှန်ပ့ါ)။

ဘိက္ခဝေ - ရဟန်းတို့။ သတော - သတိရှိသည် ဖြစ်၍၊ သမ္ပဇာနော - ပညာရှိသည်ဖြစ်၍ ဘိက္ခု - ရဟန်းသည်။ ဝိဟရေယျ - နေရာ၏။ သတိပညာနဲ့ နေရစ်ကြပါ . . . တဲ့၊ (မှန်ပါ) အယံ - ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဝေါတုမှာကံ - သင်ချစ်သားတို့အား အမှာကံ - ငါဘုရားတို့၏ အနုသာသနီ - အဆုံးအမတည်း . . . (မှန်ပါ)။

ဒကာဒကာမတို့ ဘာနဲ့နေကြရမတဲ့တုန်း . . . (သတိသမ္ပဇဉ်နဲ့ နေကြရပါမယ်)။ သတိသမ္ပဇဉ်နဲ့ နေကြပါဆိုတဲ့ ဥစ္စာကို သတိပေးလိုက်ပါတယ် (မှန်ပါ)။

သတိဆိုတာကတော့ ခန္ဓာကိုယ်ထဲ ဘယ်စိတ်ပေါ်ပေါ် သတိထားရမယ် (မှန်ပါ) သမ္ပဇညဆိုတဲ့ ဥစ္စာက ပေါ်တဲ့စိတ်ဟူသ၍ သည်ကားလို့ဆိုရင် ဒီအတိုင်းနေသလား ပျက်သွားသလားဆိုတာ ပညာနဲ့ ကြည့်ပေးပါ (မှန်ပါ)။

ဒါဖြင့် သတိထားပြီး ပညာနဲ့ နေရစ်ပါ နေကြပါဆိုတာကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဆုံးမတော်မူတယ် (မှန်ပါ)။

သတိထားပြီး ပညာနဲ့ကြည့်ပါဆိုတဲ့ ဥစ္စာ ဒကာဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် အလွန့်အလွန်ပဲ အရေးကြီး လို့ မှာတော်မူတယ်ဆိုတဲ့ ဥစ္စာ ဒကာကြွယ် ဦးလှဘူးတို့ သေသေ ချာချာမှတ်ပါ (မှန်ပါ)။

ဒကာဒကာမတို့ သတိထားပညာနဲ့ ကြည့်ပြီး ကိုယ့်စိတ်ကို သတိထားပညာနဲ့ ကြည့်ပြီးနေပါဆိုတဲ့ ဥစ္စာကို မှာတော်မူတယ် (မှန်ပါ)။

အဲဒီတော့ သတိထားပညာနဲ့ ကြည့်လိုက်ပြီဆိုမှဖြင့် ဒကာ ဒကာမတို့ မြင်စိတ်ကလေးပေါ်လာတယ်။ မြင်တဲ့စိတ်ကလေး မျက်လုံးထဲပေါ်တယ်၊ အဲဒါကလေး ပေါ်တယ်လို့ သတိထား လိုက်ပါ . . . (မှန်ပါ) သတိထားပြီး ပညာနဲ့ ကြည့်လိုက်တဲ့ အခါ ကျတော့ ဒကာဒကာမတို့ မရှိဘူးဆိုတာ စိတ်ကလေးက သက်သေ ခံသွားတယ် (မှန်ပါ)။

မရှိဘူးဆိုတာ စိတ်ကလေးက သက်သေခံသွားတော့ကို မရှိ တာသည်ကားလို့ ဆိုလို့ရှိရင် ဒကာဒကာမတို့ ရှိတာကို သတိထား လို့ သိတယ် . . . (မှန်ပါ) ပျက်တာကို ပညာကြောင့်သိတယ် . . . (မှန်ပါ)။

စိတ်ကလေးပေါ်တာကို သတိထားလို့သိပါတယ် (မှန်ပါ) ပျက်သွားတာကို . . . (ပညာကြောင့် သိပါတယ်)၊ ပညာနဲ့ သိပါ တယ် ဆိုတော့ ဩော် . . . ဒါဖြင့် ဒကာဒကာမတို့ သတိနောက် က ပညာနဲ့ ကြည့်လိုက်ပြီဆိုမှဖြင့် ကိုယ့်သန္တာန်ပေါ်လာတဲ့ စိတ်

ကလေး စာလိုသုံးတော့ ဝိညာဏက္ခန္ဓာလို့ ခေါ်ပါတယ်၊ အဲဒီ ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်ကလေးဟာ ဒကာဒကာမတို့ သတိထား ပညာနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ စိတ်ကလေးသည်ကားလို့ ဆိုရင်ဖြင့် ပေါ်လဲပေါ်တယ် ပျောက်လဲပျောက်တယ်ဆိုတာ ပညာ က သိပါတယ် (မှန်ပါ)။

## စိတ်စဉ်တန်းရင်ဒုက္ခရောက်မည်

ပေါ်လဲပေါ်တယ် ပျောက်လဲပျောက်တယ် ဆိုတာသိတဲ့ အခါကျတော့ စိတ်စဉ်တည်တံ့ သေးရဲ့လား . . . (မတန်းပါဘူး)။ စိတ်စဉ်တည်တံ့ မနေတော့ဘူး

ဩော် . . . ဒါဖြင့် ဒကာဒကာမတို့ စိတ်စဉ်တန်းရင် ဒုက္ခ ရောက်မယ် . . . (မှန်ပါ) စိတ်စဉ် ပျောက်သွားရင် သုခဆိုတဲ့ နိဗ္ဗာန်ရမယ် . . . (မှန်ပါ)။

စိတ်စဉ်တန်းရင် ဒုက္ခရောက်မယ် . . (မှန်ပါ) စိတ်စဉ် ပျောက်သွားရင် . . . နိဗ္ဗာန်ရောက်မယ်ဆိုတာ ဒီအတိုင်းပြောတော့ မရှင်း ပဲ နေမှာစိုးလို့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် ကြည့်ကြပါ (မှန်ပါ) ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် ကြည့်ကြပါ ဒကာဒကာမတို့ ဒီက ထောက်ပြမယ်နော် . . . (မှန်ပါ)။

ဒီ ဝိညာဏ်နာမ်ရုပ် သဠာယတန ဆိုတဲ့ ဥစ္စာ ဒကာဒကာမ တွေမှတ်ထားတော့ကို သဠာယတနဆိုတာ စက္ခု သောတ ဃာန

လို့ဆိုလို့ရှိရင် ဒကာဒကာမတို့ မြင်စိတ်ကလေးတစ်ခု ပေါ်တယ် ကြားစိတ်ကလေး တစ်ခုပေါ်တယ်ဆိုတာ သိပါလိမ့်မယ်နော် . . . (မှန်ပါ)။

အဲဒီ မြင်စိတ် ကြားစိတ်ကလေးကို သတိထားပြီး ပညာနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ စိတ်ကလေးဟာ မြင်စိတ်ကလေး ပေါ်လာတာ သတိထားမိတော့ ပညာနဲ့ ဒီကနေ ကြည့်ပေးပါ (မှန်ပါ) ပညာနဲ့ ဒီကနေ ကြည့်လိုက်တဲ့ အခါကျတော့ ဒီစိတ် ကလေးဟာ မရှိတာ ဖြစ်ပြီးတော့ ပျက်သွားတာကို ဒီကနေ ပညာနဲ့ သိပါလိမ့် မယ် (မှန်ပါ) ပညာနဲ့သိတော့ ဒီမြားကလေးဟာ ဟိုဘက် ဒီဘက် စပ်ပါတယ်ဆိုတဲ့ ဉစ္စာပညာက ဝင်ဖြတ်လိုက်တာ (မှန်ပါ) ပညာက ဝင်ဖြတ်လိုက်တော့ကို စိတ္တပစ္စယာတဏှာ ဉပါဒါန် ကမ္မဘဝ - ဒကာကြွယ် လာသေးသလား (မလာပါဘူးဘုရား) ဒါဖြင့် ပဋိစ္စသမုပ္ပာဒ် မပြတ်ဘူးလား . . . (ပြတ်ပါတယ်ဘုရား)။

## ဒီစိတ်ပေါ်တိုင်း၊ ပညာနှင့်ကြည့်ပါ

ဒါဖြင့် ဒီစိတ်ကလေး ပေါ်တိုင်းပေါ်တိုင်း သတိထားပြီး ပညာနဲ့ ဒီကနေကြည့်ရင် ဒီကဟာ ပြတ်ထွက်သွားတယ် (မှန်လှပါ)။

ဒီအစပ်ပြတ်ထွက်သွားတဲ့ အခါကျတော့ကို ဒီက စိတ် ကလေး၏ဖြစ်ပျက် အစပ်ကို ဖြတ်တာက - မဂ် (မှန်ပါ)။

စိတ်ကလေးက ဖြစ်ပျက် . . . အစပ်ကို ဖြစ်တာက . . . (မဂ်ပါဘုရား)။

မဂ်လို့သိသွားတဲ့ အခါကျတော့ မဂ်သည် ကိလေသာ ဖြတ်တယ်ဆိုတဲ့ ဥစ္စာ ဒကာဒကာမတို့ ကိလေသာ မလာအောင်တားတာကို ဆိုတယ် . . . (မှန်ပါ)။

တဏှာ လာသေးရဲ့လား . . . (မလာပါဘူး) ဥပါဒါန်ကော (မလာပါဘူး) ကမ္မဘဝ . . . (မလာပါဘူး) မလာတော့ကို ဟောဒီ သမုဒယသစ္စာ ဖြစ်သေးရဲ့လား . . . (မဖြစ်ပါဘူး)။ ဩော် . . . သမုဒယသစ္စာ ချုပ်သွားကတည်းက ဒီဘက်က ဒုက္ခသစ္စာဆိုတဲ့ ၄- နံပါတ်လာသေးရဲ့လား . . . (မလာပါဘူး) မလာလို့ရှိရင်ဖြင့် တဏှာ နိရောဓ ဒုက္ခနိရောဓော ဖြစ်သွားတယ် (မှန်ပါ)။

တဏှာနိရောဓေါ တဏှာချုပ်လို့ရှိရင် ဒုက္ခနိရောဓေါ ဒုက္ခချုပ်မယ်တဲ့ (မှန်ပါ) ဒုက္ခနိရောဓော နိဗ္ဗာန် . . . (မှန်ပါ)။

တဏှာနိရောဓ . . . (ဒုက္ခနိရောဓေါပါ ဘုရား) ဆက်လိုက်ဦး . . . ဒုက္ခ နိရောဓော နိဗ္ဗာန် . . . (မှန်ပါ) သဘောပါပလား . . . (ပါပါပြီ)။

ဒုက္ခနိရောဓေါ နိဗ္ဗာန်ဆိုတော့ နိဗ္ဗာန်ဟာ ဒကာဒကာမတို့ ဒီက ဖြတ်တတ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ နိဗ္ဗာန်ရတယ် (မှန်ပါ)။

ဒီကဖြတ်တတ်လို့ရှိရင် နိဗ္ဗာန်ရတယ် (မှန်ပါ) ဒီမှာ မဖြတ်တဲ့ ပုဂ္ဂိုလ်မှာပဲ စိတ်ကလေးဟာ မြင်တယ်။ ဟောဒီမှာ လိုချင်တယ် (မှန်ပါ) ဟောဒီမှာ စွဲလမ်းတယ်။ ဟောဒီမှာ မရ-ရအောင် အားထုတ်မယ် ဆိုတော့ ဒီ ပဋိစ္စသမုပ္ပာဒ် ပြတ်သေးသလား ဆက်သွားသလား . . . (ဆက်သွားပါတယ် ဘုရား)။

အဲဒီဆက်မည့် ပုဂ္ဂိုလ်အတွက်ဖြင့် ကမ္မဘဝပစ္စယာ - ဟောဒီအဆက်က ဇာတိ (မှန်ပါ) မလာဘူးလား . . . . (လာပါတယ်) ဇာတိပစ္စယာ ဇရာမရဏ မလာဘူးလား . . . (လာပါတယ်)။

အဲဒါက "သတော ဘိက္ခဝေ ဘိက္ခုဝိဟရေယျ သမ္ပဇာနကာရော အယံဝေါအမှာကံ အနုသာသနီ" သတိထားပြီး ပညာနဲ့ကြည့်တဲ့ ပုဂ္ဂိုလ် ပဋိစ္စသမုပ္ပာဒ်ပြတ်ပါတယ် (မှန်ပါ)· ပြတ်တယ် ဆိုတာ သမုဒယချုပ်တာ (မှန်ပါ) သမုဒယ ချုပ်ရင် ဒုက္ခလာသေးရဲ့လား . . . (မလာပါဘူး) ဩော် . . . ဒါဖြင့် သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ချုပ်သွားတယ် . . . (မှန်ပါ)။

သမုဒယသစ္စာ ချုပ်တာက တဏှာ ဥပါဒါန် ကံသေတာ (မှန်ပါ) ဒုက္ခချုပ်တာက ဇာတိဇရာမရဏ လာသေးရဲ့လား . . . (မလာပါဘူး)။

ဩော် . . ဒါဖြင့် တို့ကို ဆရာဘုန်းကြီးက စိတ်ကလေးပေါ်တိုင်းပေါ်တိုင်း သတိထားပြီး ပညာနဲ့ကြည့်ဆိုတဲ့ အလုပ်ကလေးဟာ စိတ္တာနုပဿနာ အလုပ်ပါလား . . . . (မှန်ပါ)။

သတိထားပြီး ပညာနဲ့ကြည့်ဆိုတာ ဘာပါလိမ့် (စိတ္တာနုပဿနာ အလုပ်ပါဘုရား) စိတ္တာနုပဿနာ အလုပ်လို့ ဒကာဒကာမတွေ မှတ်ပါနော် . . . (မှန်ပါ)။

ကိုင်း . . ဒကာဒကာမတို့ ဒီကနေ ပန်ကာတွေ ကြည့်လိုက်တော့ လည်နေတာ မမြင်ဘူးလား . . . (မြင်ပါတယ်) အဲဒီမြင်စိတ်ကလေးကို ဖြစ်ပျက်ရှုစမ်း (မှန်ပါ) မြင်စိတ်ကို ဖြစ်ပျက်ရှု

လိုက်တဲ့အခါကျတော့ မြင်စိတ်က ဒီမှာ သဋ္ဌာယတနထဲ ပါသွားတယ် (မှန်ပါ) ဖြစ်ပျက်က သတိထားပြီး ပညာနဲ့ ရှုလိုက်တော့ ဒီကနေရှု (မှန်ပါ) မင်္ဂက ဒီကနေပေါ်တာ (မှန်ပါ) ရှုတဲ့မဂ်က ဒီကနေပေါ်တော့ တဏှာဥပါဒါန် ကံလာသေးရဲ့လား . . . (မလာပါဘူး)။ ဒါဖြင့် ဃမုဒယသစ္စာ ဘယ့်နှယ်နေသတုန်း (ချုပ်ပါတယ်ဘုရား)။ သူလဲ ချုပ်ရော ဒကာဒကာမတွေ ဒီဘက်က ဒုက္ခသစ္စာ လာဦးမလား . . . (မလာပါဘူး)။

ဒါဖြင့် တဏှာနိရောဓါ . . . . (ဒုက္ခနိရောဓေါ) ဒုက္ခနိရောဓေါ . . . (နိဗ္ဗာန်ပါ) နိဗ္ဗာန်ဆိုတော့ ဩော် . . . ရှုတဲ့ ပုဂ္ဂိုလ်ရတာပါလား . . . (မှန်ပါ) မရှုတဲ့ . . . ပုဂ္ဂိုလ် . . . (မရပါဘူး)။

ဩော် . . . ဒါဖြင့် ဒကာဒကာမတို့ နိဗ္ဗာန်ဟာ အနီးကလေးပါလား . . . (မှန်ပါ) နိဗ္ဗာန်ဟာ အနီးကလေးပါလား ဆိုတာပေါ်လာတယ် (မှန်ပါ)။

## ဘုန်းကြီးကျောင်းကနေ၊ အားလုံးသိတယ်

အဲဒီတော့ ဆရာသမားကလဲ နည်းပေး ဒကာဒကာမတွေကလဲ ပင်ပန်းခံပြီး သကာလ လာကြကြိုးစားနာကြပြီး သကာလ မှတ်ကြတော့ ဒီဒကာဒကာမတွေ အတွက်မှာ ဘာအရေးကြီးပါလိမ့်မတုန်းဆိုလို့ရှိရင်ဖြင့် ယခုအခါမှာ ဒကာဒကာမတွေ ဘုန်းကြီးကျောင်းကနေပြီး အားလုံးသိတယ်၊ အားလုံးသိတာက ဘာတုန်းဆိုတော့ ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းတွေဟာ လူတိုင်း

အလုပ်ဖြစ်နေတယ် (မှန်ပါ)။

ဒကာကြွယ် ဘယ့်နှယ့်ဖြစ်နေသလဲ . . . (ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းဟာ လူတိုင်း အလုပ်ပါဘုရား)၊ ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းဟာ လူတိုင်း၏အလုပ်ဖြစ်နေတယ် (မှန်ပါ) မဖြစ်ကြဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

အဲဒါ ဘာကြောင့်တုန်းလို့ မေးလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ဒီ ဒုက္ခသစ္စာကို မသိပဲနဲ့ နောက်ဘဝက အဝိဇ္ဇာ သင်္ခါရတွေကြောင့် ခန္ဓာကြီးရလာတော့ ခန္ဓာကြီးက ဒုက္ခသစ္စာဖြစ်နေတော့ ဒါအတိတ် ဘဝက အဝိဇ္ဇာသင်္ခါရကြောင့် ဒီဘဝ ပစ္စုပ္ပန်ဘဝမှာ ဒုက္ခသစ္စာ ခန္ဓာမရဘူးလား . . . (ရပါတယ်)။

အဲဒီတော့ သူက ရာဇတောဝါ ဆိုတဲ့ မင်းဘေးလဲ သင့်နိုင်တယ်၊ စောရတောဝါဆိုတဲ့ ခိုးသူဘေးကော (သင့်ပါတယ် ဘုရား) အသနိဒ္ဓိတောဝါဆိုတဲ့ အမြင်မှားတဲ့ ဘေး - ငါ့ကို ဘယ်သူနှိပ်စက်တယ်ဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ မြင်နေတယ် . . . (မြင်ပါတယ်ဘုရား) အမြင်မှားတဲ့ ဘေးကလဲ မသင့်ဘူးလား . . . (သင့်ပါတယ်ဘုရား)။

## အမြင်မှားတဲ့ဘေး၊ မသင့်စေပါနှင့်

အဲဒီတော့ ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးထဲကနေပြီး ဒုက္ခတွေပြန်ရောက်လာပြန်တယ် (မှန်ပါ) ဒုက္ခပေါ် ဒုက္ခသင့်တာပေါ့ဗျာ . . . (မှန်ပ့ါ) သဘောကျပလား . . (ကျပါပြီ)။

အဲဒီတော့ ဘုန်းကြီးက ဟောပါတယ် ဒကာဒကာမတို့ အမြင်မှားတဲ့ ဘေးမသင့်စေနဲ့ဟော့ . . . (မှန်ပါ)။

ဒကာဒကာမတို့ ဘာတဲ့တုန်း . . . (အမြင်မှားတဲ့ ဘေး မသင့်စေနဲ့တဲ့)။

ငါ့ကို ဘယ်သူရှုလိုက်လို့ ငါဟာ ဒါလောက်တောင်ဘဲ ဆင်းရဲ ရတာ။ သူမကောင်းလို့ ငါဆင်းရဲရတာဆိုတော့ အဲဒါအမြင်မှားတဲ့ ဘေး . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ)။

ဘယ်သူက ရှုလိုက်တာနဲ့ ဘယ်သူကတို့ လိုက်တာနဲ့ ငါ့မှာ ဖြင့် ဒုက္ခတွေရောက်ကုန်ပြီဆိုတော့ ဘယ်သူဘယ်ဝါ ပေါ် လာလို့ ရှိရင်ဖြင့် ရုပ်နာမ်ပျောက်ပြီး ပုဂ္ဂိုလ်သတ္တဝါပေါ်ပေါက်လာတယ် (မှန်ပါ) အဲဒါ ဘာဘေးပါလိမ့်မတုန်းမေးတော့ အမြင်မှားတဲ့ ဘေး . . . (မှန်ပါ)။

အဲဒီတော့ ဒကာဒကာမတွေ ခင်ဗျားတို့မှာ အခုဘေးသင့် နေတာ ဘယ်သူကြောင့် ဘယ်ဝါကြောင့် ဘယ်သူမကောင်းလို့ ဘယ်သူက ရှုလိုက်လို့ ဘယ်သူက တို့လိုက်လို့ဆိုတဲ့ ဥစ္စာ ဒီဘေး တွေ သင့်ပြီးသကာလ ဒကာဒကာမတွေ့မှာ စားမဝင် အိပ်မပျော် ဆိုသလိုဖြစ်ပြီး သကာလနေတော့ ဒကာကြွယ် ဘာဘေးသင့် နေတာတုန်း (အမြင်မှားတဲ့ ဘေးသင့်နေတာပါ)။

ပုဂ္ဂိုလ်တွေလား ရုပ်နာမ်တွေလား . . (ရုပ်နာမ်တွေပါ ဘုရား) ရုပ်နာမ်တွေဟာ ရုပ်နာမ်တွေဆိုလို့ရှိရင် ဖြစ်ပျက်တွေပဲ မဟုတ်လား . . . (မှန်ပါ) ဖြစ်ပျက်မမြင်တော့ ပုဂ္ဂိုလ်သတ္တဝါဖြစ်ပြီး

သကာလ သူရှို့လိုက်တာ သူတို့လိုက်တာ သူမွေ့တာပဲ (မှန်ပါ့ ဘုရား) ဒီတော့ဒကာ ဒကာမတွေမှာ ဘာဘေးသင့်နေသလဲ မေးရင် ဘယ့်နှယ်ပြောကြမလဲ . . . (အမြင်မှားတဲ့ ဘေးပါဘုရား)။

## ဆရာကောင်းနဲ့ မကြုံလို့သင့်ရတဲ့ဘေး

ဒါဖြင့် အမြင်မှားတဲ့ ဘေးဟာ အတိတ်ကပါလာတဲ့ ဘေးလား ဒကာကြွယ် ယခုဘဝမှာ ဆရာကောင်းသမားကောင်းနဲ့ မကြုံလို့ သင့်ရတဲ့ဘေးလားလို့မေးရင် ဒကာသစ် ဘယ့်နှယ်ဖြေပါ့ မလဲ . . . (ဆရာကောင်းသမားကောင်းနဲ့ မကြုံလို့ သင့်ရတဲ့ ဘေးပါ ဘုရား)။

ဒီနေ့ ဒါကလေး တစ်လုံးကို နားလည်ရင် ဘုန်းကြီးတော် တော်ကျေနပ်တယ် (မှန်ပါ) နို့မဟုတ်ရင်ဖြင့် မန္တလေးမှာဖြစ်စေ အမရပူရမှာဖြစ်စေ တောမှာပဲဖြစ်စေ ဟိုဘယ်သူ့ကြောင့်ကွာ ငါ့မှာ ဘယ်လိုဖြစ်သွားတယ် ဘယ်ဝါ့ကြောင့် ဘယ်လိုဖြစ်သွားတယ်ဆို တော့ ဒကာကြွယ် ဘာဘေးပါလိမ့် (အမြင်မှားတဲ့ဘေးပါဘုရား)။

## ရုပ်နာမ်မမြင်ပဲ ပုဂ္ဂိုလ် သတ္တဝါမြင်လို့

ရုပ်နာမ် မြင်သေးရဲ့လား (မမြင်ပါဘူး) ဖြစ်ပျက်ကော (မမြင် ပါဘူး) ဒါဖြင့် ရုပ်နာမ်ရှိတာကို ရုပ်နာမ်မမြင် (မှန်ပါ့) ဖြစ်ပျက် အနိစ္စရှိတာကို . . . (မမြင်ပါဘူး) မမြင်တော့ အမြင်မှားပြီး ပုဂ္ဂိုလ် တွေ သတ္တဝါတွေ ဘယ်သူ့သား ဘယ်သူ့အမျိုး ဘယ်သူဘယ်ဝါ,

သူတို့ အဆွေအမျိုးကိုက ဘယ်လိုတို့တတ် ရှိတက်တာဘဲ ဘယ်လို အမျိုးရိုးကွ ဘယ်လိုညံ့တာ. . . (မှန်ပါ) ဒကာသစ် ဒါမျိုးတွေလာ ကုန်ပြီ . . . (လာပါတယ်ဘုရား)။ ဒါဘာဘေးသင့်တာပါလိမ့် (အမြင်မှားတဲ့ ဘေးသင့်တာပါ)။

ဒကာကြွယ် သေသေချာချာမှတ်စမ်းပါ (မှန်ပါ) ဦးလှဘူး ဘာတဲ့တုန်း (အမြင်မှားတဲ့ ဘေးသင့်တာပါဘုရား)။

ဩော် ဒါဖြင့်ဘုရားက "သတောဘိက္ခဝေဘိက္ခုဝိဟာရေယျ သမ္ပဇာနကာရော အယံဝေါ အမှာကံ အနုသာသနီ" ဟောတော် မူထားတာကို သတိထားပြီး ပညာနဲ့ မကြည့်တဲ့အတွက် အမြင်မှား တဲ့ဘေးသင့်ရလေခြင်း. . (မှန်ပါ)

ဒကာသစ်ရေ ခေတ်တရားလို့ အောက်မေ့မနေနဲ့ ပြင်ဆင် ပေးတယ်လို့ အောက်မေ့ပါ (မှန်ပါ) ဒကာကြွယ်. . အမြင်မှား တဲ့- ဘေးသိပ်ကြောက်စရာကောင်းတယ် (ကောင်းပါတယ်ဘုရား)

## အမြင်မှားတဲ့ဘေးဆိုတာ

အမြင်မှားတဲ့ဘေးဆိုတာက ဥပမာ ဟယ်. . ယခုအမျိုးမျိုး အဖုံဖုံဘဲ အရေးအခင်းတွေဟာ ဒကာဒကာမတွေက ကြုံနေတော့ ဘယ်သူ့စွပ်စွဲကြသတုန်းလို့မေး တဲ့ အခါကျတော့ ဘယ်ဝါမကောင်း လို့ ဘယ်သူမကောင်းလို့ အစရှိသည်နဲ့ ဒကာသစ် ပုဂ္ဂိုလ်တွေ အပေါ် ချည်မလာဘူးလား. . (လာပါတယ်) ပုဂ္ဂိုလ်ဟာရှိရဲ့လား (မရှိပါဘူးဘုရား) မရှိတာအရှိလုပ်တော့ သူအမြင်မှန်လား အမြင်

မှားလား. . (အမြင်မှားပါ)

ဩော်. . ဒကာကြွယ် အမြင်မှားတဲ့ဘေးကြောင့် ဒကာဒကာမတွေမှာ သောကစိုးရိမ်မှု ပရိဒေဝဆိုတဲ့ မျက်ရည်ကျမှု အိပ်မပျော်မှုတွေ မလာဘူးလား. . (လာပါတယ်ဘုရား) ဘာဘေးသင့်လို့ပါလိမ့် (အမြင်မှားတဲ့ဘေးပါဘုရား)။

ဒါက အတိတ်အကြောင်း မကောင်းလို့လား ယခုဘဝလဲ အမြင်မှားလို့လား (ယခုဘဝလဲ အမြင်မှားလို့ပါဘုရား)

ဒကာကြွယ် ဒီတရားသိပ်အဖိုးတန်တယ်နော်. . (တန်ပါတယ်ဘုရား) အားလုံးဒကာဒကာမတွေ ဒီတရားဟာ ခင်ဗျားတို့ရပြီးသား တရားကို ဘုန်းကြီးက ရှင်းလင်းပေးတာလို့ မှတ်စမ်းပါနော်. . . (မှန်ပါ)။

## အရေးကြီးတဲ့စကားတစ်လုံး

အသန္တိဋ္ဌိတောဝါ အမြင်မှားသောဘေးမှလည်းကောင်း ဟောဒကာဒကာမတွေ အမြင်မှားတော့ ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့်ဖြစ်ကုန်ရော. . . (ဖြစ်ပါတယ်ဘုရား) ဖြစ်ကုန်တော့ ဒုက္ခဒေါမနဿတွေမလာဘူးလား (လာပါတယ်ဘုရား) စားမဝင်၊ အိပ်မပျော်တွေ . . (လာပါတယ်ဘုရား) အင်း ဒကာသစ် ဘာဘေးသင့်တာတုန်း . . . (အမြင်မှားတဲ့ဘေးသင့်တာပါဘုရား) ပါဠိက ဘယ်နှယ်လာသတုံး (အသန္တိဋ္ဌိရှိတောဝါပါ)။

မမေ့ကြပါနဲ့ ဒကာကြွယ် ဒီစကားတစ်လုံးဟာ အင်မတန်

အရေးကြီးပါတယ် (ကြီးပါတယ်ဘုရား) အင်မတန် အရေးကြီးပါတယ် ဒကာဒကာမတို့နော်. . (မှန်ပါ)။

ကိုင်း ဒကာဒကာမတို့ ငွေဆိုတာလဲ ငွေလားရုပ်လား မေးရင် ဘယ့်နှယ်ပြောပါ့မလဲ. . (ရုပ်ပါဘုရား) ရုပ်ဖြင့် ရုပ်က-ရှုပ် အနိစ္စပေါ့ဗျာ (မှန်ပါ) အဲဒီတော့ အနိစ္စဖြစ်လို့ရှိရင်တော့ဖြင့် အမြင်မှန်ပေါ့ဗျာ (မှန်ပါ)။

ငွေကြေးကုန်သွားတယ်ဆိတော့ ငွေဆိုတာကလဲ ဒကာဒကာမတွေ အမြင်မှား၊ ကုန်သွားတယ်ဆိုတာလဲ အမြင်မှားတာပဲ (မှန်ပါ) အဲဒီတော့ ဒကာဒကာမတွေမှာ အမြင်မှားတဲ့ဘေး ကျုပ်တို့ဖြင့် မွဲပါပေါ့ ကျုပ်တို့ဖြင့် လူစဉ်မမှီပါဘူး။ အကြပ်အတည်းဖြင့် လှလှကြီးတွေ့ပါပေါ့ဆိုပြီးသကာလ တစ်ခါတည်း အမြင်မှားတဲ့ဘေး ငွေပေါ်မှာလဲ သင့်လိုက်တာဘဲ (မှန်ပါ) သဘောကျပလား (ကျပါပြီ)။

ဘယ်အပေါ်မှာ သင့်ပါလိမ့် (ငွေပေါ်မှာသင့်ပါတယ်) ငွေပေါ်မှာလဲ အမြင်မှားတဲ့ ဘေးတွေ ဒကာကြွယ်သင့်လိုက်ပြန်ပြီ (မှန်ပါ) ဟာဒီငွေတွေဟာ ကိုယ့်ဆီမှာ ကုန်ရတာသည် ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့် ဘယ်သူရှုပ်လို့ ဘယ်သူဝင်လို့ ဘယ်သူတို့လို့ဆိုတော့လဲ ပုဂ္ဂိုလ်သတ္တဝါတွေ ပေါ်မလာဘူးလား. . (ပေါ်လာပါတယ်) အဲဒါကလဲ ဘာဘေးသင့်တာတုံး. . (အမြင်မှားတဲ့ဘေးသင့်တာပါ)။

## အမြင်မှန်ရပါစေ

အို. . ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ကံမကောင်း အကြောင်းမသင့်လို့ ပူဆွေးဒုက္ခရောက်ရတာလား. . အမြင်မှားတဲ့ ဘေး သင့်တာလား. . (အမြင်မှားတဲ့ဘေးသင့်တာပါ)။

ဒကာကြွယ် ဒီအထဲရောမသွားနဲ့ (မှန်ပါ) နောက်ကဒကာ ဒကာမတွေ ဒီအထဲမရောပါစေနဲ့ (မှန်ပါ) အမြင်မှန် ရပါစေဆိုတာ ကိုဖြင့် ဘုန်းကြီးက သတိပေးပါတယ် (မှန်ပါ)။

အမြင်မှန်ရပါစေဆိုတာ ဒကာသစ် ဘာတုန်း (သတိပေးပါ တယ်ဘုရား) မောင်ဘသော် သတိပေးရတယ် (မှန်လှပါဘုရား)။

အခုဒကာဒကာမတွေမှာ ကိုယ်လဲမချမ်းသာ စိတ်လဲမချမ်း သာ မျက်ရည်ကြီးငယ်ကျကြ။ ရုပ်တွေဘာတွေ ညှိုးကြပြုကြ ဟာ- ဘာဖြစ်တာတုန်း မေးလို့ရှိရင် အမြင်မှားတဲ့ ဘေးသင့်နေတာ (မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ. . (အမြင်မှားတဲ့ ဘေးသင့်နေကြတာ ပါဘုရား)။

ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့်ဆိုတော့ ဘယ်သူဘယ်ဝါ သွားမမြင်ဘူးလား. . (မြင်ပါတယ်ဘုရား) အဲဒီဘယ်သူ့ကြောင့် ဘယ်ဝါကြောင့် ကျုပ်ဒုက္ခရောက်ရတယ် ကျုပ်စိတ်မကောင်းဘူး ကျုပ်စိတ်ညစ်ရတယ် ကျုပ်အခြေအနေပျက်ရတယ်ဆိုတော့ ဒကာ သစ် ဘာဘေးသင့်သတုန်း (အမြင်မှားတဲ့ဘေး သင့်ပါတယ်) အတိတ်က ကံကြောင့်လား အခုအမြင်မှားလို့ သင့်တာလား (အခု

အမြင်မှားလို့ သင့်တာပါ)

အဲဒီမှာ ဒကာဒကာမတွေက ကံများခဲ့လိုက်တာ ကျုပ်တို့ ဒီအချိန်မှာ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်း ဖြစ်ရလေခြင်း ဆိုတော့ ကံပေါ်မှာချည်းချတယ်၊ စင်စစ် အမြင်မှားတဲ့ ဘေးသင့်တာ (မှန်ပါ)

ဒကာဒကာမတို့ ဘာတဲ့တုန်း. . (အမြင်မှားတဲ့ ဘေးသင့်တာပါ ဘုရား) ဒကာသစ် ဒါဟာတရားသားနော်. . (မှန်ပါ) ဒကာဒကာမတို့ အမြင်မှားတဲ့ဘေးဟာ ရာဇဝတ်ဝါဆိုတဲ့ နှစ်ဆယ့်ငါးပါးသော ဘေးထဲမှာ ပါဠိတော်ကဘာတဲ့ . (အသန္တိဋ္ဌိတောဝါ ပါ)

## မင်းဘေးသင့်တယ်ဆိုတာ

အသန္တိဋ္ဌိတောဝါဆိုတာ ခင်ဗျားတို့က အရေးကြုံတော့ ရွာထဲမှာ ကျီးအော်သံတွေ ကျီးပြိုသံတွေ ခွေးအူသံတွေကြားမှ ရာဇဝတ်ဝါရွတ် ဟော့. . (မှန်ပါ) အဲဒါရာဇဝတ်ဝါ လုပ်ဖို့မလိုဘူး (မှန်ပါ) ရာဇဝတ်ဝါ မင်းဘေးသင့်တယ်ဆိုတာ ရုပ်နာမ်ကို မင်းထင်နေလို့ မင်းဘေးသင့်တာ (မှန်ပါ) မင်းမဟုတ်ပါဘူး ဒီဥစ္စာ ရုပ်နာမ်တွေပါ အနိစ္စတွေပါဆိုပြီး ဉာဏ်နဲ့ကြည့်လိုက်လို့ရှိရင်ဖြင့် အမြင်မှန်ရသွားရင် မင်းဘေးရှိသေးရဲ့လား (မရှိပါဘူးဘုရား)

ဒါဖြင့် ဒကာကြွယ်ရေ ဘာအရေးကြီးပါလိမ့်. . (အမြင်မှန်ရဖို့အရေးကြီးပါတယ်ဘုရား)။

အမြင်မှန်ရဖို့ အရေးကြီးတယ်ဆိုတော့ အသန္တိဋ္ဌိတောဝါ

အမြင်မှားသောဘေးမှလည်းကောင်းဆိုတာ ဒကာဒကာတွေမှာ ယနေ့လက်တွေ့ ဖြစ်သွားပြီ (ဖြစ်ပါပြီဘုရား) အမြင်မှားသော ဘေးဆိုတာ ယနေ့လက်တွေ့မဖြစ်သေးဘူးလား (တွေ့ပါပြီဘုရား)

ကိုင်းဒါဖြင့် အသန္ဒိဋ္ဌိတောဝါဆိုတာ ဒကာဒကာမတို့ အမြင်မှားတဲ့ဘေး (မှန်ပါ)

ဒါဖြင့် အမြင်မှားတဲ့ဘေးကို ဒကာကြွယ် ဒီလိုပြင်လိုက်ရင် ကောင်းမယ်. . သန္ဒိဋ္ဌိကောနဲ့ ပြင်လိုက်. . (မှန်ပါ)

သန္ဒိဋ္ဌိကောဝါဆိုတာက အမြင်မှန် (မှန်ပါ) အသန္ဒိဋ္ဌိတောဝါ ဆိုတာကတော့ (အမြင်မှားပါဘုရား) အမြင်မှားတဲ့ဘေး. . ရှင်းပလား. . (ရှင်းပါပြီ)

တဲ. . ဒကာကြွယ် ဒီနေ့တရားပေါ်ပါပြီဗျာ (မှန်ပါ) ဒကာကြွယ်တို့ စိတ်ဆင်းရဲနေတာက ဘာကြောင့်ပါလိမ့် (အမြင်မှားတဲ့ ဘေးကြောင့်ပါ) အသန္ဒိဋ္ဌိတောဝါဆိုတဲ့အတိုင်း အမြင်မှားတဲ့ဘေး သင့်နေတာနဲ့ ဟုတ်သားဘဲ မင်းတို့ဟာ ဒီလူနဲ့ပေါင်းလို့ ဒီလိုဒီလို ဖြစ်လို့ ဒီလူကိုက မတရားတဲ့လူ မျိုးရိုးကိုက မကောင်းဘူး။ သူက တို့မီးရှို့မီးကွ. . မင်းတို့ကိုက အပေါင်းအသင်းလွဲနေတာဆိုတော့ ဒကာကြွယ်ကပါ အမြင်မှားတဲ့ ဘေးသင့်နေတယ် (သင့်ပါတယ် ဘုရား)

အဲဒါဒကာကြွယ်လိုလူတစ်ယောက်က ဒီလိုပြောလိုက်တဲ့ အခါကျတော့ ကျန်တဲ့ပုဂ္ဂိုလ်တွေလဲ သူ့ကိုမြင်ရင် ရိုက်ချင် နှက်ချင် မလာဘူးလား (လာပါတယ်ဘုရား)။

## အမြင်မှန်ရအောင်လုပ်လိုက်ကြစမ်းပါ

ဒါဘာဘေးသင့်တာပါလိမ့်. . (အမြင်မှားတဲ့ ဘေးသင့်တာပါ)။

ဒါဖြင့် ဒကာဒကာမတို့ အမြင်မှန်ရဖို့ အရေးမကြီးဘူးလား. . (ကြီးပါတယ်ဘုရား) အမြင်မှန်က ဘယ်အထဲပါသတုန်းလို့မေးတဲ့ အခါကျတော့မှ ဓမ္မဂုဏ်တော်ခြောက်ပါးထဲမှာ သန္ဒိဋ္ဌိကောပါတယ် (မှန်ပါ) သန္ဒိဋ္ဌိကောရှိတော့ အမြင်မှန်ရအောင်လုပ်လိုက်စမ်းပါ (မှန်ပါ)။

ဒကာဒကာမတို့ ဘာတဲ့တုန်း . . (သန္ဒိဋ္ဌိကော အမြင်မှန်ရအောင်လုပ်ရမှာပါဘုရား) အမြင်မှန်ရအောင် လုပ်လိုက်ကြစမ်းပါ။ အမြင်မှန်ရရင် နိဗ္ဗာန်ရပါတယ် (မှန်ပါ) အမြင်မှားဆိုရင် သောကပရိဒေဝလာပါလိမ့်မယ် (မှန်ပါ)။

အမြင်မှားဆိုရင် (သောကပရိဒေဝလာမှာပါ)။ အမြင်မှန်ဆိုရင် (နိဗ္ဗာန်ရမှာပါ) သောကပရိဒေဝချုပ်ပါလိမ့်မယ်။ ချုပ်ရင် နိဗ္ဗာန်ဘဲ. . (မှန်ပါ)။

ဩော်. . ဒါဖြင့် ယနေ့တရားပွဲမှာ ဒကာဒကာမတို့ဘုန်းကြီးများက အကြီးအကျယ်လာဘ်ကြီးပေးပြီးသကာလ ရွက်ဆောင်ပေးနေပါလားလို့ဆိုတာ ဦးလှဘူး ဒကာကြွယ် သေသေချာချာ မှတ်စမ်းပါ. . (မှန်လှပါဘုရား)။

ခင်ဗျားတို့ယခု မြို့ထဲရွာထဲမှာ ခန္ဓလေး အမရပူရမှာ ဖြစ်နေကြတာက ဘယ်သူမကျေသေဘူးကွ၊ ဘယ်ဝါကို မကျေသေးဘူး

ကွ၊ ငါ့ကို ဖြိုဟ်မွှေဘာ သူတို့ဘဲကွ အစရှိသည်နဲ့ ဖြစ်နေတာက ဒကာသစ် ဘယ်ပါငွိတော်တုန်း . . (အသန္တိငွိတောဝါပါဘုရား) အမြင်မှားသောဘေးသင့်နေလို့ ဒီအသံတွေသောကပရိဒေဝတွေ ထွက်နေတာ (မှန်ပါ)။

ဒါဖြင့် ဒကာဒကာမတွေ ဘုန်းကြီးက ဒီဒကာဒကာမတွေဖြင့် အမြင်မှားတဲ့ဘေးသင့်နေပြီ. . အမြင်မှန်ကလေးဖြင့် သူတို့ကို ပေးဦးမှတော်တော့မယ်ဆိုတော့ ဘုန်းကြီးကပေးတာလား. . ဓမ္မဂုဏ်တော်ခြောက်ပါးထဲမှာ ဒကာသစ်ပါသလား. . (ဓမ္မဂုဏ်တော်ခြောက်ပါးထဲမှာပါပါတယ်) ကဲ ရှုတ်ကြည့်စမ်းပါဦး. . (သန္ဒိဋ္ဌိကောပါဘုရား)။

## အမြင်မှန်ရရင် နိဗ္ဗာန်ရောက်မယ်

သန္ဒိဋ္ဌိကော- သာမံပဿိတဗ္ဗောကိုယ်တိုင်ဖြစ်ပျက် မြင်အောင်ကြည့်လိုက်စမ်းပါ (မှန်ပါ) ကိုယ်တိုင်ဖြစ်ပျက် မြင်အောင်ကြည့်လိုက်တော့ ဒကာဒကာမတို့ ဩော်. . ပုဂ္ဂိုလ်သတ္တဝါတွေ သေးသလား အနိစ္စတွေဘဲလား. . (အနိစ္စတွေပါဘုရား) ဒါဖြင့် အနိစ္စမြင်တော့ မဂ္ဂဆိုတဲ့ ဉာဏ်ဝင်မလာဘူးလား, . (ဝင်လာပါတယ်)။

အနိစ္စမြင်တော့ မဂ္ဂဆိုတဲ့ ဉာဏ်ဝင်လာတော့ ဒကာဒကာမတို့ ဒီမှာ တဏှာဥပါဒါန်ကံ ဇာတိဇရာမရဏ သောကပရိဒေဝ လာသေးရဲ့လား (မလာပါဘူး)။

## အမြင်မှားရင် ခန္ဓာဆုံးလိမ့်မယ်

အဲဒါက အားလုံးသော ဒကာဒကာမတို့ အမြင်မှန် ရပြန်တော့လဲ သောကပရိဒေဝဒုက္ခဒေါမနဿချုပ်တဲ့ နိဗ္ဗာန်ရောက် ပါတယ် (မှန်ပါ) အမြင်မှားတဲ့ဘေးသင့်ပြီဆိုမှဖြင့်လဲ ခန္ဓာတောင် ဆုံးရှုံးသွားလိမ့်မနော်. . (မှန်ပါ)

ဒကာဒကာမတို့ ဘာတုန်း . . (ခန္ဓာတောင် ဆုံးရှုံးသွားမယ်) ခန္ဓာတောင် ဆုံးရှုံးသွားမယ်၊ အသားတွေအသွေးတွေ ရိုးတွင်းချဉ် ဆီကစပြီး ခြောက်ပြီးသကလ လူရုပ်မပြိုပဲနဲ့ သောကပရိဒေဝတည်း ဟူသော မီးတွေက လောင်လိုက်တော့ ဘုန်းကြီးတို့ ဒကာဒကာမ တွေမှာ သေခြင်းဆိုးသေကြောင်းကိုလဲ ကြံတတ်တယ် (မှန်ပါ) မဆိုးဝါးဘူးလား (ဆိုးဝါးပါတယ်)

ဒါဖြင့်ယနေ့ဒကာဒကာမတွေကိုဘုန်းကြီးက အကြီးဆုံးသော ဆုကြီးလာဘ်ကြီးပေးတာ ဘာပါလိမ့်မတုန်းဆိုတော့ အမြင်မှားတဲ့ ဘေးကို အမြင်မှန်တဲ့ဉာဏ်နဲ့ သိမ်းလိုက်စမ်းပါ. . (မှန်ပါ)။

အမြင်မှားတဲ့ဘေးကို. . (အမြင်မှန်တဲ့ဉာဏ်နဲ့ သိမ်းရမှာပါ ဘုရား) အမြင်မှန်တဲ့ဉာဏ်နဲ့ သိမ်းလိုက်စမ်းပါဆိုတာကိုဖြင့် ဒကာ ကြွယ်ရေ နှစ်လုံးတည်းနဲ့ ခရီးပေါက်တယ် (မှန်ပါဘုရား)။

## ခေတ်တရားတော်

အဲဒီတော့ ဒကာသစ်ရေ ဒါကိုခေတ်တရားလို့ဆိုမလား. . ဒီနှစ်ခုဟာတွဲမှဖြစ်မှာပဲလား. . (တွဲမှဖြစ်မှာပါဘုရား)။ အမြင်မှား

ကိုအမြင်မှန်နဲ့ မပေးရင် ဒကာသစ်နိဗ္ဗာန် ရောက်ပါတော့ မလား. . (မရောက်ပါဘူး) အကုန်အပါယ်သွားကုန်မယ်. . (မှန်ပါ)

ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့် ကျုပ်တို့ ဒီလိုဖြစ်ရတယ် ဒီလိုဒုက္ခမျိုးစုံတွေ ကျုပ်တို့ကြုံရတယ် အစရှိသည်နဲ့ တစ်ခါတည်း ပုဂ္ဂိုလ်သတ္တဝါတွေပေါ် တည်ပြီးသကာလ အမြင်မှားတဲ့ဘေးဟာ မသင့်ဘူးလား. . (သင့်ပါတယ်ဘုရား) သင့်တော့သူ့ကို မြင်တိုင်း မြင်တိုင်းလဲ ဒေါသ သောကတွေမလာဘူးလား. . (လာပါ တယ်) ဒါဘာဘေးသင့်တာတုန်း (အမြင်မှားတဲ့ဘေးသင့်တာပါ)

ဒကာကြွယ်နေရာကျပြီ (ကျပါပြီဘုရား) အဲဒါကြောင့် ၂၅-ပါးသော ဘေးထဲမှာ ဘယ်ဘေးကြောက်စရာ အကောင်းဆုံးလဲ ဆိုတာ ယနေ့ပေါ်သွားပြီ. . (ပေါ်သွားပါပြီ) ဘာဘေးတဲ့ဗျာ. . (အမြင်မှားတဲ့ဘေးပါဘုရား) ပါဠိတော်ရွတ်စမ်းပါဦး. . (အသန္ဒိဋ္ဌိ တောဝါပါဘုရား)

အဲဒီတော့ ဒကာဒကာမတွေ ကိုယ့်မှာ ဒေါမနဿ ဖြစ်ရတယ် ဒုက္ခဖြစ်ရတယ် စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ အိပ်မပျော်ခြင်း ဖြစ်ရတယ် (မှန်ပါ) ဟာဘယ်သူနှိပ်စက်လို့တုန်း . . . ဘယ်ဝါနှိပ်စက်လို့တုန်း။ ဒကာ ဒကာမတွေက မေးလို့ရှိရင်ဖြင့် ဘယ်သူမှ မနှိပ်စက်ဘူး။ ဘယ်ကကြိမ်နဲ့ လာရိုက်သတုန်း. . ဘယ်သူက ငေါက်သတုန်း၊ ဘယ်သူကငန်းသတုန်း. . မေးလို့ရှိရင် ဒကာသစ်ဘယ်သူမှ ဒကာသစ်ကြိမ်နဲ့လဲလာမရိုက်ပါဘူး၊ ဘယ်သူကမှ ငေါက်ငန်းတဲ့ အလုပ်လဲ (မလုပ်ပါဘူး) ကိုယ့်ဟာကိုယ် အမြင်မှားတဲ့ ဘေးသင့်တာ

(မှန်ပါ) တယ်အဖိုးတန်ပါလား ဒကာကြွယ် (မှန်ပါ)

## မြို့ကြီးပြကြီးတွေမှာ ဘာသင့်နေသလဲ

ဒကာကြွယ်. . အားလုံးဒကာဒကာမတွေမှာ ယခု မြို့ကြီး ပြကြီးတွေမှာ ဘာသင့်နေတယ်ထင်ကြသတုန်း. . (အမြင်မှားတဲ့ ဘေးသင့်ပါတယ်ဘုရား) ပေါ်ကြပလား. . (ပေါ်ပါပြီဘုရား)။

ဒကာသစ်ရေ လောကကြီးထဲမှာ ဘေးတကာ့ဘေးထဲမှာ ဘယ်ဘေးကြောက်စရာ အကောင်းဆုံးလဲ (အမြင်မှားတဲ့ဘေးပါ ဘုရား)

အမြင်မှားတဲ့ဘေးဆိုတာက ဟောတာက ဒကာဒကာမတို့ ခန္ဓာငါးပါးထားလိုက်ပါတော့။ ဝိညာဏ်နာမ်ရုပ် သင္ဃာယတန ဖဿ ဝေဒနာ ခန္ဓာငါးပါး (မှန်ပါ) ဒီကနေပြီး ဒိဋ္ဌိမျက်လုံးနဲ့ ကြည့်လိုက်တော့ သူပဲတို့ကို ရှို့တာ တို့တာ (မှန်ပါ) အမြင်မှားတဲ့ ဘေးသင့်လိုက်တော့ တဏှာနဲ့ ကြည့်လိုက်တော့ ဥပါဒါန်ကလဲ ကျေနပ်သေးရဲ့လား (မကျေနပ်ပါဘူး)။

အဲဒီတော့ သူ့ကိုတော့ဖြင့် တွေ့လို့ရှိရင် ကာယကံနဲ့လဲ မျက်စောင်းထိုးမဟဲ့ ဝစီကံနဲ့လဲ ငေါ့မဟဲ့ စောင်းမတဲ့ဆိုတဲ့ ဥစ္စာမလာဘူးလား. . (လာပါတယ်) ဟော-ကမ္မဘဝပစ္စယာ. . ဇာတိ (မှန်ပါ) ဇာတိပစ္စယာ. . (ဇရာမရဏပါ)။

ကဲ. . အမြင်မှားတဲ့ဘေးသင့်လိုက်တာ ဒကာဒကာမတို့ ၂-ကနေပြီး ၃-ကူးမသွားဘူးလား. . (ကူးသွားပါတယ်) ၃-ကနေပြီး၊

တော့ ၄-ကော. . (ကူးပါတယ်ဘုရား) ဟ ဘာဘေးသင့်တာပါလိမ့် (အမြင်မှားတဲ့ဘေးသင့်တာပါဘုရား) ဒကာကြွယ်ပေါ်တဲ့ အခါကျ တော့ ဒီနေရာမှာ ဒိဋ္ဌိမလာဘူးလား. . (လာပါတယ်) ဒိဋ္ဌိလာရင် ဒိဋ္ဌုပါဒါန်လာမှာပဲ. . (လာမှာပါဘုရား) သူလာလို့ရှိရင် ဒိဋ္ဌုပါဒါန်နဲ့ ဆက်သွယ်တဲ့ ကမ္မဘဝ. . (လာပါတယ်ဘုရား) ဟောဘာသစ္စာ ဖြစ်သွားသတုန်း. . (သမုဒယသစ္စာ ဖြစ်ပါတယ်) ကဲ သေသည်၏ အခြားမဲ့၌ ဘာသစ္စာရမတုန်း . . . (ဒုက္ခသစ္စာရပါတယ်ဘုရား)

ဟောဒါအပါယ်လေးပါးဇာတိ အပါယ်လေးပါး ဇရာအပါယ် လေးပါး မရဏဆိုတော့ ဒကာကြွယ်ကောင်းသေးရဲ့လား. . (မကောင်းပါဘူး) ဘာဘေးသင့်လိုက်ပါလိမ့်. . (အမြင်မှားတဲ့ ဘေးသင့်ပါတယ်ဘုရား)။ ဒကာသစ် သဘောပါပလား. . (ပါပါပြီ ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အဲဒီအမြင်မှားတဲ့ ဘေးဟာ ကံမကောင်း အကြောင်းမသင့်လို့လား ကိုယ်ကဆရာကောင်း သမားကောင်းဆီက နည်းမရလို့ဖြစ်ရတဲ့ အမြင်မှားတဲ့ဘေးလား. . (ဆရာကောင်းသမားကောင်းဆီက နည်းမရလို့ဖြစ်ရတဲ့ အမြင်မှား တဲ့ဘေးပါဘုရား)။

ကဲ မောင်ဘသော် ရိပ်မိပလား. . (ရိပ်မိပါပြီ) ဘာဘေး သင့်တာတုန်း (အမြင်မှားတဲ့ ဘေးသင့်ပါတယ်) ပေါ်ပလား. (ပေါ်ပါပြီ ဘုရား)။

ဩော်. . ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီလိုသာ အမြင်မှား

ပြီး သင်္ကာလ ဘ၀တိုင်းမှားကြမယ်ဆိုလို့ရှိရင်ဖြင့် အမြင်မှားတာ သမုဒယသစ္စာ (မှန်ပါ)။

အဲဒီအမြင်မှားမှု သမုဒယသစ္စာကြောင့် သေသည်၏ အခြားမဲ့၌ ဘာသစ္စာရမတုန်း . . . (ဒုက္ခသစ္စာရပါမယ်) ကိုင်း. . ဘယ်လောက်ဆိုးသတုန်း ဒကာကြွယ်. . (ဆိုးပါတယ်ဘုရား)။

အမြင်မှားတာက. . (သမုဒယသစ္စာပါ) သေသည်၏ အခြားမဲ့၌ (ဒုက္ခသစ္စာပ်ါ) ဒုက္ခသစ္စာရတယ်ဆိုတော့ အမြင်မှားတဲ့ ဘေးဟာ ဒကာဒကာမတို့ သေးသေးလား ကြီးကြီးလား. . (ကြီးကြီး ပါဘုရား) ကိုင်း ဒကာကြွယ် ဒီဥစ္စာဘယ်လောက် အရေးကြီး သတုန်း (ကြီးပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အမြင်မှားတဲ့ဘေးပဲ တစ်ခေါက် ထပ်ပြဦးမယ် ဟောဒီဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿဝေဒနာ ဆိုတာ ဒကာဒကာမတွေ ခန္ဓာငါးပါးမှတ်ပါ (မှန်ပါဘုရား)။

အဲဒီခန္ဓာငါးပါးကို ဟောဒီယောက်ျားကြီးက ကျုပ်ကိုတို့လိုက် တာဆိုပြီတော့ ဒိဋ္ဌိနဲ့ ကြည့်လိုက်တယ် (မှန်ပါ) တဏှာဒိဋ္ဌိနဲ့ ကြည့် လိုက်တဲ့ ရှိတာကဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿဝေဒနာ (မှန်ပါ) အဲဒီဥစ္စာကြောင့် သူဝိညာဏ်ကော မြင်သေးရဲ့လား. . (မမြင်ပါဘူး) နာမ်ရုပ်ကော (မမြင်ပါဘူး) သဠာယတန . . . (မမြင်ပါဘူး) ဖဿ . . . (မမြင်ပါဘူး) ဝေဒနာ . . . (မမြင်ပါဘူး) မမြင်တော့ဘူး။ ဟောဒီယောက်ျားကြီးပဲ ဟောဒီမိန်းမကြီးပဲတို့မီး ရှို့မီးလုပ်တာဆိုပြီး ဒိဋ္ဌိမျက်လုံးနဲ့ တပ်ကြည့်လိုက်တယ် (မှန်ပါ)

မကြည့်ဘူးလား . . . (ကြည့်ပါတယ်)။

အဲဒီတော့ ဒိဋ္ဌိမျက်လုံးနဲ့ တပ်ကြည့်လိုက်တော့ ဒီကနေပြီး သကာလ ခန္ဓာငါးပါးကြောင့် ဒိဋ္ဌိဖြစ် (မှန်ပါ့) ဒိဋ္ဌိဖြစ်တော့ ဒိဋ္ဌုပါဒါန် . . . (ဖြစ်ပါတယ် ဘုရား) ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံ . . . (ဖြစ်ပါတယ် ဘုရား) သေသည်၏ အခြားမဲ့၌ ဆက်သွားပြီတဲ့ . . . ကမ္မဘဝ ပစ္စယာ . . . (ဇာတိပါ ဘုရား)။ ဇာတိပစ္စယာ . . . (ဇရာ မရဏ ပါ) ဟောဝိပါကဝဋ် သင့်ပါပြီတဲ့ ရှစ်ပါးတောင်ရပြီ (မှန်ပါ့) ဝိပါကဝဋ် ရှစ်ပါးရပြီတဲ့ . . . ဒကာဒကာမတို့ ဘယ်လောက်ကြောက်စရာ ကောင်းသတုန်း . . . (ကောင်းပါတယ်) ဟာ . . . ဘာဘေးသင့် တာတုန်း . . . (အမြင်မှားတဲ့ ဘေးသင့်တာပါ)။

သင်္ခါယတနကိုလဲ စိတ်ကိုစိတ်ရယ်လို့ သိသေးရဲ့လား . . . (မသိပါဘူး) ဖဿကို ဖဿရယ်လို့ (မသိပါဘူး) ဝေဒနာကို ဝေဒနာ ရယ်လို့ . . . (မသိပါဘူး) မသိဘူး၊ သူဟာ ဒီယောက်ျားကြီးပဲ ဒီမိန်းမကြီးပဲ တို့ကိုတို့မီး ရှူမီးလုပ်တာဆိုပြီး ဟောဒီက ဒိဋ္ဌိမျက်လုံး နဲ့ ကြည့်လိုက်တယ် (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ) ဘာဘေးသင့်သတုန်း . . . (အမြင်မှားတဲ့ ဘေးသင့်ပါတယ်)။

ကြည့်စမ်း ဝိညာဏ်လို့ မသိတော့ အမြင်မမှားဘူးလား . . . (မှားပါတယ်) နာမ်ရုပ်ရယ်လို့ မသိတော့ . . . (အမြင်မှားပါတယ်) သင်္ခါယတနရယ်လို့ မသိတော့ . . . (အမြင်မှားပါတယ်) ဖဿလို့ မသိတော့ . . . (အမြင်မှားပါတယ်) ဝေဒနာလို့ မသိပြန်တော့ . . . (အမြင်မှားပါတယ်) အမြင်မှားတာသည် ဒိဋ္ဌိ (မှန်ပါ) မိစ္ဆာ

ပဿတီတိ ဒိဋ္ဌိကိုး . . . (မှန်ပါ) အမြင်မှားတဲ့ ဘေးမသင့်ဘူး လား . . . (သင့်ပါတယ်) အဲဒီတော့ ဒိဋ္ဌိတွင် ရပ်သလား . . . ဒိဋ္ဌိ ပါဒါန်လာမလား (လာပါတယ် ဘုရား)၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံ . . . (လာပါတယ်) . . ကမ္မဘဝပစ္စယာ . . (ဇာတိပါဘုရား)။

**ဆရာဘုန်းကြီးမှ၊ မကယ်ရင်၊ သွားပေါ့**

ဒကာကြွယ် ဘာဘေးသင့်လိုက်လို့ အပါယ်ရောက်သွား ပါလိမ့် . . . (အမြင်မှားတဲ့ ဘေးသင့်လို့ပါ ဘုရား) အမြင်မှားတဲ့ ဘေးသင့်လိုက်တော့ ဒကာဒကာမတို့ အပါယ်ရောက်သွားပြီ . . . (မှန်ပါ)။

ကိုင်း ဒါ ဆရာဘုန်းကြီးမှ မကယ်လို့ရှိရင် ဒကာကြွယ်သွား ပေါ့ . . . (သွားပါပြီဘုရား) ဒကာသစ် ရိပ်မိပြီ . . . (ရိပ်မိပါပြီ)။

အားလုံး မြို့ထဲရွာထဲမှာ စိတ်မချမ်းသာ လက်မချမ်းသာနဲ့ သွားလို့မကောင်း စားလို့မကောင်း ချက်ထားတဲ့ဟင်း ဘယ်လိုပင် ကောင်းအောင်လုပ်ပြီး သကာလ ထားပြောသော်လည်း အရသာ တွေ ပျက်ပြီးသကာလနေတာ စိတ်မကောင်း လက်မကောင်းဖြစ်နေ လို့ . . . သောက ပရိဒေဝ ဖြစ်နေလို့လို့ ဆိုရင် လွဲပါ့မလား . . . (မလွဲပါဘူး) ဘာဘေးသင့်နေတာတုန်း . . . (အမြင်မှားတဲ့ ဘေး သင့်တာပါ ဘုရား) တယ်လဲ ကြောက်စရာကောင်းပါလား . . . (ကောင်းပါတယ် ဘုရား)။

ကိုင်း . . . ဒါဖြင့် အမြင်မှားတဲ့ ဘေးဟာ ဒကာဒကာမတို့

ရထားတဲ့ ပရိတ်ကြီးထဲမှာ ပါတယ် (မှန်ပါ) ရွတ်ကြည့်စမ်းပါ . . . (အသန္တိဋ္ဌိတောဝါ ပါဘုရား)။

အသန္တိဋ္ဌိတောဝါ . . . အမြင်မှားတဲ့ ဘေးမှလည်းကောင်း ဆိုတော့ ဒကာဒကာမတွေမှာ အခုဖြစ်နေတဲ့ စိတ်၏ဆင်းရဲခြင်း ကိုယ်၏ဆင်းရဲခြင်းဟာ သူများပေးတာလား . . . ကိုယ်အမြင်မှား ကြောင့် ဖြစ်ရတာလား . . . (ကိုယ်အမြင်မှားကြောင့် ဖြစ်ရတာပါ) ခန္ဓာငါးပါး ဖြစ်ပျက်တရားကို မမြင်လို့ဖြစ်တာ (မှန်ပါ) ဒါဖြင့် ဘာဘေးသင့်သတုန်း . . . (အမြင်မှားတဲ့ ဘေးသင့်ပါတယ်) ရိပ်မိ ပလား . . . (ရိပ်မိပါပြီ)။

ဒါဟာ နားထောင်နေကျ ပုဂ္ဂိုလ်တွေအတွက်မှာဖြင့် သိပ်ရှင်း သွားပြီ . . . (ရှင်းပါပြီဘုရား) ရှင်းသွားပြီ . . . ရှင်းသွားပြီ ဒကာ ဒကာမတို့နော် . . . (မှန်ပါ)။

ကိုင်း . . . ဒါဖြင့် အမြင်မှားတဲ့ ဘေးဟာလဲ ၂၅-ပါးသော ဘေးထဲမှာ ပါတယ် (မှန်ပါ) ဒကာကြွယ်တို့က ရွတ်သာနေတယ် ငါ အမြင်မှားတဲ့ ဘေးသင့်ပါပေ့ါ လားလို့ ကိုယ့်ဟာကိုယ် ပြန်မကြည့် ဘူးဗျ . . . (မကြည့်ပါဘူး ဘုရား) အတော်ခက်နေတယ် (ခက်နေ ပါတယ် ဘုရား)။

ဒကာဒကာမတို့ အားကြီးခက်နေတယ် ခင်ဗျားတို့မှာ (မှန်ပါ) စင်စစ် ဒကာဒကာမတွေမှာ ယခုအမျိုးမျိုး အဖုံဖုံသော ကိစ္စတွေနဲ့ ပတ်သက်ပြီး သကာလ ဘယ်သူ့လား၊ မကျေသေးဘူး ကွနော် . . . ဘယ်ဝါလား မကျေသေးဘူးကွနော် . . အစရှိသည်

ဟာ ဒကာသစ်၊ ဘာဘေးသင့်နေတာတုန်း . . . (အမြင်မှားတဲ့ ဘေးသင့်ပါတယ် ဘုရား)။ ဘယ်သူဘယ်ဝါရယ်လို့ ရှိရဲ့လား . . . (မရှိပါဘူး) ခန္ဓာငါးပါး ဖြစ်ပျက်တရားသာရှိတယ် မဟုတ်လား . . . (မှန်ပါဘုရား) အဲဒါကို မြင်သေးရဲ့လား . . . ( မမြင်ပါဘူး) မမြင်တော့ပုဂ္ဂိုလ်သတ္တဝါ ဖြစ်မနေဘူးလား . . . (ဖြစ်နေပါတယ်) ဒါဖြင့် ဘာဘေးသင့်သတုန်း . . . (အမြင်မှားတဲ့ ဘေးသင့်ပါတယ်)။

အမြင်မှားတဲ့ ဘေးသင့်လိုက်တာ စားမဝင် အိပ်မပျော် ဖြစ်နေတယ် (မှန်ပါ) ဘယ်လောက်ကြောက်စရာ ကောင်းသတုန်း (ကောင်းပါတယ် ဘုရား)။

ကိုင်း . . . ဒါဖြင့် ဘေးတကာ့ဘေးထဲ ဘယ်ဘေး ကြောက်စရာအကောင်းဆုံးလဲ . . . (အမြင်မှားတဲ့ ဘေးကြောက်စရာ ကောင်းပါတယ် ဘုရား)။

ဒကာဒကာမတို့ ခလေးတွေများ လန့်တာဟာ ဥပမာ သရဲသဘက်က လမ်းမှာဖြတ်သွားလာတဲ့အခါ ခလေးတွေက ဒါကို ရုပ်နာမ်လို့ သူတို့ကလဲမသိ၊ ဖြစ်ပျက်လို့လဲ မသိတော့လန့်ပြီး သေသွားတယ် (မှန်ပါ) မသေဘူးလား . . . (သေပါတယ်) ဒါ ဘာဘေးသင့်တာတုန်း . . . (အမြင်မှားတဲ့ ဘေးသင့်တာပါ)။

လူကြီးတွေမှာတော့ လန့်တော့ မသေဘူး ဒကာဒကာမတို့ သူ့လား . . . မကျေဘူး မကျေဘူး ဆယ်ဘဝ ဆယ်ကမ္ဘာ မကျေဘူးဟော့ တစ်ခါတည်း အပါယ်လေးပါး ရောက်လောက် အောင်ပဲ သူ့စိတ်ထဲမှာ မပေါ်ဘူးလား စိတ်တွေ . . . (ပေါ်ပါတယ်ဘုရား)

အဲဒါ ဘယ်ဘေးသင့်တာတုန်း . . . (အမြင်မှားတဲ့ ဘေးသင့်တာပါ)။

ကိုင်း . . . ဒကာဒကာမတို့ ခလေးတော့ လန့်သေတယ် ဒကာဒကာမတွေကျတော့ လန့်တော့မသေဘူး စိတ်ပျက်ပြီးရင် အပါယ်လေးပါးရောက်တယ် (မှန်ပါ) မဆိုးဝါးဘူးလား . . . (ဆိုးဝါးပါတယ်ဘုရား) ဘယ်ဘေးသင့်တာပါလိမ့် . . . (အမြင်မှားတဲ့ ဘေးသင့်တာပါ) ရွတ်ပါဦး ပါဠိတော်က (အသန္တိဋ္ဌိတောဝါပါ ဘုရား) ကဲ . . . မောင်ဘသော် ပေါ်ပြီကွ . . . (ပေါ်ပါပြီဘုရား)။

## ဘာကြောင့်ဒီတရားဟောရသတုန်း?

ဒကာကြွယ် မြို့ထဲရွာထဲမှာ ဒါတွေ ဆူပူနေလို့ ဒီတရားဟောရပါတယ် (မှန်ပါ) ဒီတရားကလဲ ဘုန်းကြီးကယူဆောင်လာတဲ့ တရားလား . . . ရှိပြီးသား တရားလား (ရှိပြီးသားတရားပါ ဘုရား) ရှိပြီးသားတရားဆိုတာ ဒကာဒကာမတွေက မသိလို့ ခေါ်ပြောနေရပါတယ် . . . (မှန်ပါ)။

ကဲ . . . ဒကာသစ် အမြင်မှန်မရသ၍ ဒီဘေး လွတ်ပါ့မလား . . . (မလွတ်ပါဘူး) နတ်ဖြစ်ပြန်ကော အမြင်မှန်မရရင် . . . (မလွတ်ပါဘူး) ဗြဟ္မာကြီး ဖြစ်နေပြန်ကော (မလွတ်ပါဘုရား) အမြင်မှားတဲ့ ဘေးကတော့ သင့်မှာချည့်ပဲ . . . (မှန်ပါဘုရား)။

ဒါဖြင့် . . . ဒကာကြွယ်ရေ . . ဒီအမြင်ကိုဖြင့် ဆရာဘုန်းကြီးမှ မပြင်လို့ရှိရင် ဒီဒကာဒကာမတွေ အကုန်အပါယ်ဘေးမှ

မလွတ် (မှန်ပါ) မသွားရပေဘူးလား . . . (သွားရမှာပါ) သိပ်ကြောက်စရာကောင်းပါလား . . . (ကောင်းပါတယ် ဘုရား)။

ဒကာဒကာမတွေ အပါယ်လေးပါး ရောက်တယ်ဆိုတဲ့ ဥစ္စာနည်းနည်းနောနော မဟုတ်ပါဘူး (မှန်ပါ)။

လက်သည်းပေါ်တင်ထားတဲ့ နှမ်းလုံးလောက်မြေမှုန့်ကလေးဟာ လက်သည်းပေါ်မှာ ခဏတင်ထားပါနော်။ လေလာတော့ လွင့်ကျတယ် (မှန်ပါ) အဲဒီ လွင့်ကျသွားတဲ့ မြေမှုန့်ကလေးဟာ ဒကာဒကာမတို့ လက်သည်းပေါ်ပြန်ရောက်ဖို့ လွယ်ကူရဲ့လား . . . (မလွယ်ကူပါဘူး ဘုရား) ဘယ်တော့ရောက်ဖို့ မြင်သေးသတုန်း . . . (မမြင်ပါဘူး)။

## အမြင်မှန်ပေးရမယ်

အဲ . . . ခင်ဗျားတို့ အမြင်မှားတဲ့ ဘေးသင့်ပြီး သောကပရိဒေဝတွေနဲ့ အိပ်မပျော်စားမဝင်နဲ့ မကျေမချမ်းနဲ့ သေသွားကြလို့ရှိရင် အပါယ်လေးပါးရောက်သွားမယ် (မှန်ပါ) လူပြည်တည်းဟူသော လက်သည်းခွံပေါ်ရောက်ဖို့ အလွန်ခဲယဉ်းသွားပြီ . . . (မှန်ပါ) ရောက်ဖို့ လွယ်ပါဦးမလား (မလွယ်ပါဘူး) အင်မတန်ဆိုးမသွားဘူးလား . . . (ဆိုးသွားပါတယ်)

အဲဒါကြောင့် ဘုန်းကြီးက ဆွေမျိုးမိဘညာတကာ မတော်ဘူးသူမည်သည် မရှိသလောက် ရှိတဲ့အတွက် အမြင်မှန်တော့ဖြင့် ယနေ့ပေးရမယ် . . . (မှန်လှပါ) အမြင်မှန်မပေးရင် ဒကာကြွယ်

. . . (မတော်ပါဘူး ဘုရား)။

ကဲ . . . အမြင်မှန်ပေးရမယ်ဆိုတော့ ဘယ်ပါဠိတော်မှာ ဟောထားသတုန်းလို့ဆိုတာ ဒကာသစ် ရွတ်ကြည့်စမ်း . . . (သန္ဒိဋ္ဌိကောပါဘုရား) ဒကာဒကာမတို့ သန္ဒိဋ္ဌိကောကို ရပေမယ့် ခင်ဗျားတို့ မသိဘူး . . . (မသိပါဘူး ဘုရား) ဒကာကြွယ်ကြီး ရလိုက်တာလွန်လို့ သူများဆီတောင်သွားပြီး ရွတ်ပြလိုက်သေးတယ် (မှန်ပါ့) ပြီးတော့ ဘာအဓိပ္ပာယ်လဲ မသိဘူး (မှန်ပါ့)။

ကိုယ့်ဟာကိုယ် အမြင်မှန် ရအောင်လုပ်လို့ ပြောတဲ့ ဥစ္စာ သူများဆီများသွားပြီး ရွတ်လိုက်သေးတယ် (မှန်လှပါ ဘုရား)။

ကိုင်း . . . ဒါဖြင့် သန္ဒိဋ္ဌိကော . . . သာမံပဿိတဗ္ဗော . . .၊ သာမံ . . . ကိုယ်တိုင်၊ ပဿိတဗ္ဗော . . . မြင်အောင် လုပ်စမ်းပါကွ (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီ)။

ကိုယ်တိုင်ဖြစ်ပျက် မြင်အောင်လုပ်စမ်းပါ. . . (မှန်ပါ) ဖြစ်ပျက်ရှိလို့ ဖြစ်ပျက်မြင်တော့ သန္ဒိဋ္ဌိကောအရ . . . အမှန်မြင် မကျဘူးလား . . . (ကျပါတယ်)

ဒါဖြင့် ဒကာဒကာမတို့ ဖြစ်ပျက်မြင်မှ ဘာတဲ့. . . (အမှန် မြင်ပါတယ်ဘုရား) ပုဂ္ဂိုလ်သတ္တဝါမြင်ရင် . . . (အမှန်မြင်မဟုတ်ပါ ဘူး)။

## ပုဂ္ဂိုလ်လို့မြင်ရင် အပါယ်ရောက်မယ်

ဒါဖြင့် ဒကာဒကာမတို့ အသန္ဒိဋ္ဌိတောဝါ ဆိုတာက ပုဂ္ဂိုလ်

သတ္တဝါအနေဖြင့် မြင်လို့ အပါယ်ရောက်သွားတာ (မှန်ပါ့) သန္တိဋ္ဌိ ကော်ဆိုတဲ့ ဥစ္စာ ဒကာဒကာမတို့ သာမံပဿိတဗ္ဗော ကိုယ်တိုင် ကိုယ့်စိတ်ကလေးကို ဖြစ်ပျက်မြင်တဲ့ အတွက် ဖြစ်ပျက်မဂ်ဆိုတော့ ကို ဒကာဒကာမတွေ သဥာယတနထဲမှာ မြင်စိတ်ကလေးက ဖြစ်ပျက် ကြားစိတ်ကလေးကကော ဖြစ်ပြီးပျက်တာဘဲ မဟုတ်လား (မှန်ပါ) နှာခေါင်းထဲ နံတဲ့ မွှေးတဲ့ စိတ်ကလေးကကော (ဖြစ်ပြီးပျက် တာပါ ဘုရား) လျှာပေါ် စားတဲ့ စိတ်ကလေး . . . (ဖြစ်ပြီး ပျက်တာ ပါ ဘုရား) ကိုယ်ပေါ်မှာ ယားနာကောင်းတဲ့ စိတ်ကလေးကော (ဖြစ်ပြီးပျက်တာပါ ဘုရား) အဲ . . . ဖြစ်ပျက်ရှုပေးနော် . . . (မှန်ပါ့) ဝမ်းထဲက ကြံတဲ့ တွေးတဲ့ စိတ်ကလေးကော . . . (ဖြစ်ပျက်ပါ ဘုရား)။

အဲဒီ ဖြစ်ပျက်ဆိုတော့ ဒီရှုတာက မဂ်ဖြစ်သွားတယ် (မှန်ပါ့) မဂ်ဖြစ်သွားတော့ ဒီအနိကြောင်းကလေး ဘာဖြစ်သွားသတုန်း (ပြတ်သွားပါတယ်) ပြတ်သွားတော့ကို သမုဒယသစ္စာမချုပ်ဘူးလား . . . (ချုပ်ပါတယ် ဘုရား) ဒုက္ခသစ္စာလာသေးရဲ့လား . . . (မလာ ပါဘူး)။

အဲ . . . တဏှာ ဥပါဒါန်ကံဆိုတဲ့ . . . သမုဒယသစ္စာ ချုပ်တယ် . . . (မှန်ပါ) ဇာတိဇရာမရဏဆိုတဲ့ ဒုက္ခသစ္စာ လာသေး ရဲ့လား . . . (မလာပါဘူး) ဒါဖြင့် အမှန်မြင်တော့ကို မဂ်ရတယ် (မှန်ပါ)

အမှားမြင်တော့ကို ဒကာဒကာမတို့ သမုဒယသစ္စာန ဒုက္ခ

သစ္စာရတယ် (မှန်ပါ) အမှန်မြင်တဲ့ အခါကျတော့ သမုဒယနဲ့ ဒုက္ခချုပ်တယ် . . . (မှန်ပါ) မကွာဘူးလား . . . (ကွာပါတယ်)

ဩော်. . . ဒါဖြင့် ယနေ့ အမှန်မြင်တရားကတော့ဖြင့် ဒကာကြွယ် သန္တိဋ္ဌိကော . . . (မှန်ပါ) ကိုယ်တိုင် မြင်အောင် ဖော်ရတယ် (မှန်ပါ)။

ဒကာဒကာမတို့ ဘုန်းကြီးဟောသွားလိုက်တာ ရှင်းလိုက်တာ ဆိုနေရုံနဲ့တော့ အပိုပဲ (မှန်ပါ) ခင်ဗျားတို့ သန္တာန်ပေါ်တဲ့ စိတ်ကလေး ခင်ဗျားတို့ ကိုယ်တိုင်ဖြစ်ပျက်မြင်အောင် ကြည့်ပါ (မှန်ပါ) မြင်လို့ရှိရင် ဒါဘယ်ပါဠိတော်နဲ့ ညီမျှတယ်ဆိုတာ ဒကာသစ် ရွတ်စမ်း . . . (သန္တိဋ္ဌိကောပါ ဘုရား)။

## ဖြစ်တာပျက်တာ မြင်မှမဂ်ဆိုက်မယ်

ကိုယ့်စိတ်ကိုယ်ဖြစ်တာ ပျက်တာ မြင်ရင်ဘာတဲ့ဗျာ . . . (သန္တိဋ္ဌိကောပါ ဘုရား)။

ဒကာကြွယ် ဒါ တစ်သက်မှ တစ်ခါကြားရတယ် (မှန်ပါ) ဒကာသစ် ဒီဥစ္စာ ရကော်ဒါထဲမှာကို ဒီနှစ်ခုတွဲဟောတာ မပါသေးဘူး (မှန်ပါ) မှန်လိုက်တာလဲ လွန်လို့ မနေဘူးလား . . . (မှန်ပါတယ်ဘုရား)။

သန္တိဋ္ဌိကောဝါဆိုတာ အမြင်မှားတဲ့ ဘေး သန္တိဋ္ဌိကောဆိုတာ အမြင်မှန်တဲ့ မဂ် (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ)။

ဩော် . . . ဒါဖြင့် သတ္တဝါတွေ ကိုယ်၏ဆင်းရဲခြင်း စိတ်၏

ဆင်းရဲခြင်း ရောက်ပြီး ပစ္စုပ္ပန်ဘဝမှာလဲ ဒုက္ခရောက် . . . (မှန်ပါ) သံသရာမှာလဲ အပါယ်လေးပါး ရောက်. . . ဟာ ဘယ်ဘေးသင့်ပါလိမ့်မတုန်း . . (အမြင်မှားတဲ့ ဘေးသင့်ပါတယ် ဘုရား) ပါဠိတော်က ဘာတဲ့ (အသန္တိဋ္ဌိတောဝါပါ ဘုရား)။

အသန္တိဋ္ဌိတောဝါ . . . အမြင်မှားတဲ့ ဘေးမှလည်းကောင်းလို့ ဒကာဒကာမတွေ ရွတ်နေရုံနဲ့ မရဘူး အမြင်မှန်ပြောင်းမှ အမြင်မှား တဲ့ ဘေးလွတ်တယ် (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီ)။

အသန္တိဋ္ဌိတောဝါကို သန္တိဋ္ဌိကောပြောင်းမှသာလျှင် အမြင်မှန်ရပါတယ် (မှန်ပါ) နို့မဟုတ်ရင် ရနိုင်ပါ့မလား . . . (မရနိုင်ပါဘူး)။

**အမြင်မှန်ရဖို့အရေးကြီးတယ်**

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတို့ သန္တိဋ္ဌိကောကို အမြင်မှန်ရအောင်ဖြင့် ပြောကြပါစို့ . . . (မှန်ပါ)။

ဒကာကြွယ် အမြင်မှန်ရဖို့ အရေးမကြီးဘူးလား (ကြီးပါတယ်ဘုရား) ဒါဖြင့် အပါယ်လေးပါး ရောက်တဲ့ ပုဂ္ဂိုလ်တွေ ဟူသ၍ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်း ပစ္စုပ္ပန်ဘဝမှာ နေရတဲ့ ပုဂ္ဂိုလ်ဟူသ၍ ဒကာသစ်လက်သည် ဖမ်းမိပြီ (ဖမ်းမိပါပြီ ဘုရား) ဘယ်သူ့ကြောင့် ပါလိမ့်ဗျာ . . . (အမြင်မှားတဲ့ ဘေးကြောင့်ပါ) ဟသန္တိဋ္ဌိတောဝါ အမြင်မှားတဲ့ ဘေးသင့်တာ . . . (မှန်ပါ)။

ဒကာကြွယ် ဒါဖြင့် အပါယ်မှာ လူစည်ကားတာ လောကကြီးထဲမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ လူတွေများနေတာ ဘယ်ဘေး

သင့်တာပါလိမ့်. . . . (အသန္တိဋ္ဌိတော၀ါ ဘေးသင့်တာပါ ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ခင်ဗျားတို့ ပါဠိရလျက်နဲ့ ဒီဉစ္စာကို ဩြော် . . . ငါ့မှာ ဘေးသင့်နေတာပါလား. . . ဒီဘေးပြင်ဦးမှပဲ ဆိုတာ ကိုယ့်ဉာဏ်က မလာဘူး. . . (မလာပါဘူး ဘုရား)။

ကိုင်း . . . ဒါဖြင့် ယနေ့တော့ဖြင့် ဆရာဘုန်းကြီးက မလာ-လာအောင်ပဲ ဒကာသစ်ရေ ကြိုးစားရမယ် (မှန်ပါ ဘုရား) လာလို့ ရှိရင်လဲ ဒီဉစ္စာ နိဗ္ဗာန်ရောက်သွားနိုင်တာပဲ . . (မှန်ပါ) အမြင်မှန်ရ ရင် နိဗ္ဗာန်ရောက်ပါတယ် ဆိုတာ သေချာပလား . . . (သေချာပါပြီ)

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ အရေးအကြီး ဆုံးအချက်ဟာ အသန္တိဋ္ဌိတော၀ါကို သန္တိဋ္ဌိကော ဖြစ်လို့ရှိရင်ဖြင့် နိဗ္ဗာန်ရောက်ပါတယ် . . . (မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ဟာ ဉပမာ မြင်တယ် . . . မြင်စိတ်ကလေး မပေါ်ဘူးလား (ပေါ်ပါတယ်) ဒါဖြင့် မြင်တဲ့အခါမှာ မြင်စိတ်ကလေးနဲ့ အသက်ရှင်နေတယ် (မှန် ပါ) ကိုင်း . . . မြင်စိတ်ကလေး ပျက်သွားပြီဗျာ။ မြင်အောင်ကြည့် လိုက်စမ်း။ မြင်အောင် ကြည့်လိုက်တော့ မင်္ဂကလေး မပေါ်ဘူး လား . . . (ပေါ်ပါတယ်) အဲဒီမင်္ဂကလေးက သန္တိဋ္ဌိကော (မှန်ပါ) သူများ မြင်တာလား ကိုယ်တိုင်မြင်လိုက်တာလား . . . (ကိုယ်တိုင် မြင်လိုက်တာပါ)။

ဒါဖြင့် ကိုယ်တိုင်မြင်တော့ကို အမြင်ခံရတာက ဖြစ်ပျက်

ကိုယ်တိုင်မြင်တဲ့ ဉာဏ်က မဂ် . . . (မှန်ပါ)။

အမြင်ခံရတာက (ဖြစ်ပျက်ပါ) ကိုယ်တိုင် မြင်တဲ့ ဉာဏ်က . . . (မဂ်ပါဘုရား) ဒီလိုဆိုတော့ သာမံပဿိတဗ္ဗော ဆိုတဲ့အတိုင်း ကိုယ်တိုင်မြင်သွားပြီ (မှန်ပါ) ကိုယ်တိုင်မြင်သွားတော့ ပုဂ္ဂိုလ်သတ္တဝါ ပေါ်သေးသလား အနိစ္စပဲ မြင်သလား . . . (အနိစ္စပဲ မြင်ပါတယ်)။

ဒါဖြင့် ဒကာဒကာမတို့ ကိုက်ပြီတဲ့ . . . ဒီမှာ မြင်စိတ်ကလေးကဖြစ်ပျက် ရှုတာက မဂ် . . . ဆိုတော့ ဒီအကြောင်းကလေးဆက်သေးရဲ့လား . . . (မဆက်ပါဘူး) မဆက်ဘူး၊ သဘောကျပလား. . . (ကျပါပြီ)။

မဆက်တော့လို့ ဒီဘက် သမုဒယသစ္စာ လာသေးရဲ့လား (မလာပါဘူး) ဒုက္ခသစ္စာကော . . . (မလာပါဘူး)။ ပေါ်ကြပလား (ပေါ်ကြပါပြီ)

ဩော် . . . ဒါသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒကာသစ်မောင်ဘသော်တို့ အမြင်မှန်ရသွားတယ် . . (မှန်ပါ) သောကပရိဒေဝဆိုတာ သိနိုင်သေးရဲ့လား . . . (မသိနိုင်ပါဘူး) ဒုက္ခဒေါမနဿတွေကော (မလာပါဘူး)။

## အမြင်မှန်ဆိုတာ မဂ်ဉာဏ်

ဒါ့ကြောင့် ဒကာကြွယ်ရေ အမြင်မှန်ရမှ နိဗ္ဗာန်ရပါတယ် (မှန်ပါ) အမြင်မှန်ဆိုတာ မဂ်ဉာဏ် (မှန်ပါ) မဂ်ဉာဏ်ရမှ နိဗ္ဗာန်မြင်ပါတယ် (မှန်ပါ) မဂ်ဉာဏ်မရရင် . . . . (နိဗ္ဗာန်မမြင်ပါဘူး)

နိဗ္ဗာန် မမြင်ဘူးဆိုတာ သေချာပလား . . . (သေချာပါပြီ)။

အဲဒါကြောင့် ဒကာဒကာမတို့ မြင်စိတ်ကလေး ပေါ်လဲ ဖြစ်ပျက်ရှု. . . (မှန်ပါ) ကြားစိတ်ကလေးပေါ်လဲ . . . (ဖြစ်ပျက်ရှု ရပါမယ်) နံ့တဲ့စိတ်ကလေး နှာခေါင်းအလည်မှာပေါ်ရင် . . . (ဖြစ် ပျက်ရှုရမှာပါ ဘုရား) စားတဲ့ စိတ်ကလေးလျှာလည်မှာ ပေါ်ရင် . . . (ဖြစ်ပျက်ရှုရမှာပါ) ဖြစ်ပျက်က ကိုယ့်ဟာကိုယ် ရှုရမှာလား . . . သူ့ကိုက ဖြစ်ပျက်လို့ ပြောတာလား . . . (သူကိုက ဖြစ်ပျက် လို့ပြောတာပါ)။

အဲ . . . သူတို့က ဖြစ်ပြီးပျက်တဲ့ အနိစ္စကလေးပါလို့ စားစိတ် ကလေးက ပြောပါတယ် (မှန်ပါ) ယားစိတ်ကလေးရှုကြည့်စမ်း ဒကာ ဒကာမတို့ ယားစိတ်ကလေးက ဘယ်လိုပြောသတုန်း (ဖြစ်ပျက် လို့ပြောပါတယ်) ဖြစ်ပျက်လို့ ပြောတော့ ဉာဏ်က မဂ်မဖြစ်ဘူး လား . . . (ဖြစ်ပါတယ်) မဂ်ဖြစ်တော့ သမုဒယသစ္စာ မချုပ်ဘူး လား . . . (ချုပ်ပါတယ် ဘုရား) နောက် ဒုက္ခလာသေးရဲ့လား . . . (မလာပါဘူး ဘုရား) သောကပရိဒေဝ ဒုက္ခဒေါမနဿ တွေ လာသေးရဲ့လား . . . (မလာပါဘူး ဘုရား)။

ကဲ . . . ခန္ဓာကိုယ်ထဲမှာ ဒကာဒကာမတို့ လေကလေးတိုက် တဲ့အခါ ပန်ကာကလေး ကိုယ့်ဆီလာထိတဲ့အခါ ကိုယ်ခပေါ်မှ ကောင်းစိတ်ကလေးမပေါ်ဘူးလား . . . (ပေါ်ပါတယ်) အဲဒါ ကလေး ဘာလုပ်ရမလဲ . . . (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုတော့ ကိုယ်တိုင်မြင်ပဲ မကျဘူးလား . . . (ကျပါတယ်)။

ဒါဖြင့် ဖြစ်ပျက်မင်္ဂ ဖြစ်ပျက်မင်္ဂဆိုတာ ကလေးဟာ ဆက် မသွားဘူးလား . . . (ဆက်သွားပါတယ်) ဆက်သွားတော့ ပဋိစ္စ သမုပ္ပာဒ်ဒေသနာတော် ကြည့်လိုက်တော့ သမုဒယသစ္စာ လာသေး ရဲ့လား . . . (မလာပါဘူး ဘုရား) နောက် ဒုက္ခသစ္စာ . . . (မလာပါ ဘူး)။

ဟာ. . . ဒါဖြင့် သမုဒယချုပ်လဲ တဏှာနိရောဓ ဒုက္ခ နိရောဓေ၊ ဒုက္ခနိရောဓေ နိဗ္ဗာန် . . . (မှန်ပါ) ကိုက်ပလား (ကိုက် ပါပြီ) ၃ နဲ့ ၄ လာသေးရဲ့လား . . . (မလာပါဘူး ဘုရား)။

၃ နဲ့ ၄ မလာကတည်းက ဒကာဒကာမတို့ ဒီမှာကြည့် ဒီနံပါတ်က ၃ သဘောကျပလား . . . (ကျပါပြီ) ဒီနံပါတ်က ၄ ဆိုတော့ လာသေးရဲ့လား (မလာပါဘူး) သူက သမုဒယချုပ်လို့ ဒီက ဒုက္ခလာသေးရဲ့လား . . . (မလာပါဘူး) ဒါက သမုဒယ သစ္စာချုပ်တာ (မှန်ပါ) သဘောကျပလား (ကျပါပြီ) ဒီက မင်္ဂကဖြတ် ပစ်လိုက်တာကိုး (မှန်ပါ) အဲ. . . သမုဒယသစ္စာချုပ်တော့ ဒုက္ခသစ္စာ လာသေးရဲ့လား . . . (မလာပါဘူး) ဒါဖြင့် ဒုက္ခနိ ရောဓေ နိဗ္ဗာန် (မှန်ပါ) သဘောပါပလား (ပါပါပြီ)။

## ဒေါသစိတ်လာရင် ဖြစ်ပျက်ရှု

ကဲ. . . တစ်ခါ သွားပါဦး ဝမ်းထဲမှာ လောဘ စိတ်ကလေး ပေါ်ရင်လဲ ဘာလုပ်ကြမယ် . . . (ဖြစ်ပျက်ရှုရပါမယ်) ဒေါသစိတ် ကလေးလာရင် (ဖြစ်ပျက်ရှုရမှာပါ) မောဟစိတ်ကလေးလာရင်

(ဖြစ်ပျက်ရှုရမှာပါ) လျှချင်တန်းချင် ပေးချင်ကမ်းချင်တဲ့ စိတ်ကလေး လာရင်လဲ . . . (ဖြစ်ပျက်ရှုရမှာပါ) မေတ္တာထားတဲ့ စိတ်ကလေးလာရင် (ဖြစ်ပျက်ရှုရမှာပါ) ကရုဏာထားတဲ့ စိတ်ကလေးလာရင် (ဖြစ်ပျက်ရှုရမှာပါ) အဲ. . စိတ်တွေလာရင် ဖြစ်ပျက်ရှု (မှန်ပါ) ရှုတော့ စိတ်က ဖြစ်ပျက်ရှုတာက မဂ် (မှန်ပါ) မဂ်လာတော့ တဏှာဥပါဒါန် ကံ . . . မချုပ်ဘူးလား . . . (ချုပ်ပါတယ်)။ ဇာတိဇရာ မရဏဆိုတဲ့ အနာဂတ်ကော (ချုပ်ပါတယ်) ဒါဖြင့် သမုဒယချုပ်လို့ ဒုက္ခသိမ်းတယ် (မှန်ပါ) ရှင်းပလား . . . (ရှင်းပါတယ်)။

ဒါ ဘယ့်နှယ်ကြောင့် သမုဒယချုပ်လို့ ဒုက္ခသိမ်းပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ အမြင်မှန်ရလို့ (မှန်ပါ) ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

အမြင်မှန်က ခန္ဓာထဲမှာရှိတာက ဖြစ်ပျက်ပဲ ရှိတယ် (မှန်ပါ) မြင်တာကလဲ မဂ်ပဲမဟုတ်လား (မှန်ပါ) ဒါဖြင့် မဂ်သည်ကားလို့ဆိုရင် ဖြစ်ပျက် မမြင်ဘူးလား (မြင်ပါတယ်) ဒါဖြင့် ဒါကလေးဟာ အမြင်မှန်တရားလို့ ဆိုရင်လွှဲပါ့မလား . . . (မလွှဲပါဘူး)။

ဒါဖြင့် အမြင်မှန်ရခြင်းသည် သမုဒယချုပ်၍ ဒုက္ခသိမ်းတာ (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ)။

အမြင်မှန် မရလို့ရှိရင် သမုဒယပွား၍ ဒုက္ခကြီးကျယ်တယ် (မှန်ပါ)။

## သံသယရှိရင် ဖြစ်ပျက်ရှု

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဘယ်စိတ်လာလာ ခင်ဗျားတို့ သန္တာန်မှာ အရိယာစိတ်လဲ မလာပါဘူး (မှန်ပါ) ကိုယ့်စိတ်လာတိုင်း လာတိုင်း မြင်စိတ်လာရှု ကြားစိတ်လာရှု သဘောကျပလား . . . လောဘလာရင် . . . (ရှုရမှာပါဘဲ) ဒေါသလာရင် (ရှုရမှာပါဘဲ) မောဟလာရင် . . . (ရှုရမှာပါ) သံသယကလေး ပေါ်လာရင်ကော (ရှုရမှာပါဘုရား) သူ့ပေါ် သံသယရှိတယ် ဆိုရင် ရှိမနေနဲ့ သံသယကို ဖြစ်ပျက်ရှုချ (မှန်ပါ)။

သူ့ပေါ်ဖြင့် ကျုပ်သည်ကားလို့ဆိုရင် ကုက္ကုစ္စ ဖြစ်နေတယ် ဆိုရင် ကုက္ကုစ္စဖြစ်မနေနဲ့ ဒကာဒကာမတို့ ကိုယ့်ကုက္ကုစ္စကိုယ် ဖြစ်ပျက်ရှု (မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီ)။

အဲဒီကဲ့သို့ ရှုလိုက်တော့ကို ဘယ်ပါဠိတော်နဲ့ သွားကိုက် ပါလိမ့် ဒကာသစ်ရေ (သန္ဒိဋ္ဌိကောနဲ့ သွားကိုက်ပါတယ်) နောက်က ဒကာဒကာမတွေ ဘာနဲ့ သွားလိုက်သတုန်း (သန္ဒိဋ္ဌိကောနဲ့ သွား ကိုက်ပါတယ်)။

## အခါမလင့်အကျိုးပေးတယ်

ဒါဖြင့် သန္ဒိဋ္ဌိကောနဲ့ သွားကိုက်တာသည် ဒကာဒကာမတို့ သန္ဒိဋ္ဌိကော ဆိုလို့ရှိရင်ဖြင့် ရှေ့ကို ဆက်ရွတ်တော့ အကာလိကော (မှန်ပါ) အခါမလင့် အကျိုးပေးတယ် . . . (မှန်ပါ)။

အကာလိကော ဘယ်လိုပါလိမ့် (အခါမလင့်အကျိုးပေးပါတယ်)။

ဟော ဒီကဖြစ်ပျက် ဒီကမင်္ဂဆိုတော့ သန္ဒိဋ္ဌိကော မဖြစ်ဘူးလား (ဖြစ်ပါတယ်) အခါမလင့် အကျိုးပေးတယ် ဆိုတော့ ဟောဒီ သမုဒယသစ္စာလာသေးရဲ့လား . . . (မလာပါဘူး) အဲ . . . သူ့ချုပ်သွားတာ အကျိုးပေးတာ (မှန်ပါ့) နောက်ဒုက္ခ လာသေးရဲ့လား (မလာပါဘူး) အဲ . . . ဒါဖြင့် ဒုက္ခမလာတာလဲ အကျိုးပေးတာပဲ (မှန်ပါ)

ဒါဖြင့် ဒီမှာ အကာလိကောဆိုတာ ဒီနှစ်ခုမလာတာ ဆိုတယ် (မှန်ပါ) သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ မလာတာကို အကာလိကောလို့ ဆိုပါတယ် (မှန်ပါ) ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ဒါဖြင့် ယနေ့တရားမှာ ဒကာသစ် သတ္တုချလိုက်တဲ့ အခါကျတော့ အသန္ဒိဋ္ဌိတောဝါ အမြင်မှားသော ဘေးမှလည်းကောင်း (မှန်ပါ့) အဲဒါကို ဘုန်းကြီးက သန္ဒိဋ္ဌိကော ဆိုပြီးသကာလ အမြင်မှန်ရအောင် လုပ်ပေးလိုက်တဲ့အတွက် နိဗ္ဗာန်ရတယ် (မှန်ပါ) အမြင်မှားတဲ့ ဘေးသင့်တဲ့ အခါကျလို့ရှိရင်ဖြင့် အပါယ်လေးပါး ရောက်တယ် (မှန်ပါ) သမုဒယသစ္စာလဲ မလာဘူးလား (လာပါတယ်) ဒုက္ခသစ္စာကော (လာပါတယ်ဘုရား) ဒါ ဘာဘေးသင့်တာတုန်း (အမြင်မှားတဲ့ ဘေးသင့်တာပါ)။

ကဲ . . အမြင်မှန်တဲ့ သဘောကလေး ကြိုးစားလိုက်တဲ့ အခါကျတော့ ဖြစ်ပျက်မင်္ဂဆိုတော့ သမုဒယသစ္စာ ဘယ့်နှယ်နေသတုန်း

(ချုပ်ပါတယ်) ဒုက္ခသစ္စာ (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် အမြင်မှန်တဲ့ အကျိုးပေးကဖြင့် တကာတကာမတို့ သမုဒယချုပ်၍ ဒုက္ခသိမ်းတယ် (မှန်ပါဘုရား) အမြင်မှားတဲ့ ဘေးကတော့ဖြင့် သမုဒယပွား၍ ဒုက္ခများတယ် (မှန်ပါ) ဘယ်လောက်များ ဆိုးဝါးသတုန်း . . . (ဆိုးဝါးပါတယ်) ပေါ်ကြပလား (ပေါ်ကြပါပြီ)။

## ယနေ့ကစပြီး ကိုယ့်စိတ်ကိုယ်ရှုကြစမ်းပါ

ဒါဖြင့် ယနေ့ကစပြီး ကိုယ့်စိတ်ကိုယ် ရှုကြစမ်းပါ (မှန်ပါ) ကိုယ့်စိတ်ကိုယ် ရှုတဲ့ အခါကျတော့ကို ဥပမာ သူတစ်ပါးကို ဒေါသထွက်နေတယ်၊ အဲဒီ ဒေါသစိတ် ဖြစ်ပျက်ရှုလိုက် (မှန်ပါ) သူတစ်ပါးကြွသာရှိနေလို့ရှိရင်လဲ ကြွသာ စိတ်ကလေး ဖြစ်ပျက်ရှုလိုက် အနိစ္စပဲ . . . (မှန်ပါ) အဲဒီကဲ့သို့ ရှုလိုက်တော့ အမြင်မှန်မရဘူးလား . . . (ရပါတယ်) သူတို့ ရှုရတဲ့အတွက် ကိုယ့်မှာ အမြင်မှန်ရတဲ့အတွက် မဂ်ရတယ် (မှန်လှပါ) သဘောကျပလား (ကျပါပြီ)။

မဂ်ရတဲ့ အခါကျတော့ သမုဒယသစ္စာ လာသေးရဲ့လား (မလာပါဘူး) ဒုက္ခသစ္စာကော (မလာပါဘူး) အကျိုးမပေးဘူးလား (ပေး ပါတယ် ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီနေ့တရားမှာ နှစ်လုံးတည်း (မှန်ပါ) ပထမတရားက အမြင်တရားက ဘာတဲ့ . . . (အသန္တိဋ္ဌိတောဝါပါ) အသန္တိဋ္ဌိတောဝါ အမြင်မှားသော ဘေးသင့်တာကိုလဲ ရှောင်ပါ

(မှန်ပါ) သန္နိဋ္ဌာကောဆိုတာ အမြင်မှန်ရအောင် ကိုယ့်စိတ်ကိုယ် ရှုရင် ပြီးပါတယ်ဆိုတာ သဘောကျပလား (ကျပါပြီ)။

ကိုင်း . . . ယနေ့နာရီစေ့ပြီ ဒီတွင် တော်ကြစို့ . . .။ ,

သာဓု . . . သာဓု . . . သာဓု . . .။

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄